ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်၊ ကြာသပတေးနေ့ (5-4-2012) (၇၀ ၈၆)

ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အကြိမ်(၂၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေး ဖွင့်ပွဲနှင့် အာဆီယံအဖွဲ့၏ (၄၅)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားသို့ တက်ရောက်

နေပြည်တော် ဧပြီ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဧပြီ ၃ ရက် နံနက် ၉ နာရီခွဲတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ Peace Palace တတိယထပ် Nuon Srey Hall၌ ကျင်းပသည့် အကြိမ်(၂၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားနှင့် အာဆီယံအဖွဲ့၏ (၄၅)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင် ဆူလ်တန်ဟာဂျီ ဟာဆာနာလ်ဘိုကီးယား မူအစ်ဇာဒင် ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက် ဟွန်ဆန်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဒုတိယသမ္မတ ဒေါက်တာဘူဒီအိုနို၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဖောင်၊ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ မိုဟာမက်နာဂျစ် ဘင်တွန်း ဟာဂျီအဗ္ဗဒူရာဇတ်၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာဘီနင်နိုအကွီနို၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လွန်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စရင်လတ်ရှင်နာဝပ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတ နိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်း၊ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးကျော်ဆန်း၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံနိုင်ငံများမှ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံ အတွင်းရေးမှူးချုပ် ဒေါက်တာ ဆူရင်ပစ်ဆူဝမ်နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများအား ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် ကမ္ဘောဒီးယားယဉ်ကျေးမှုအဖွဲ့က အာဆီယံသီချင်းကို သီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် အာဆီယံအလှည့်ကျဥက္ကဋ္ဌ အိမ်ရှင် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်က အဖွင့်မိန့်ခွန်းပြောကြားရာ၌ အာဆီယံ၏ "ASEAN: One Community - One Destiny" ရည်မှန်းချက် အောင်မြင်ရေးအတွက် ဆက်လက်ပေါင်းစည်းဆောင်ရွက်ရေး၊ အာဆီယံ ပဋိညာဉ်နှင့်အညီ ၂၀၁၅ ခုနှစ်တွင် တစ်ခုတည်းသော အာဆီယံအသိုက်အဝန်း ထူထောင်ရေး၊ Chiang Mai Initiative Multilateralization (CMIM) နှင့်အညီ ဒေသတွင်းစီးပွားရေး အတွက်

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❐

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ ဖနောင်ပင်မြို့ရှိ Peace Palace တတိယထပ် Nuon Srey Hall ၌ ကျင်းပသည့် အကြိမ်(၂၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားနှင့် အာဆီယံအဖွဲ့၏ (၄၅)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားသို့ တက်ရောက်ကြစဉ်။ (အပေါ်ပုံ) နှင့် **နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ အကြိမ်(၂၀)မြောက် အာဆီယံထိပ်သီး အစည်းအဝေး ဖွင့်ပွဲအခမ်းအနားနှင့် အာဆီယံအဖွဲ့၏ (၄၅)နှစ် မြောက် နှစ်ပတ်လည်အခမ်းအနားတွင် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။**

(ဝဲပုံ) (သတင်းစဉ်)

ကြေးမုံစာတည်းရှုထောင့်

၅-၄-၂၀၁၂[ကြာသပတေးနေ့]။

အံဝင်ခွင်ကျလျှင် အဟောသိကံဖြစ်မည်မဟုတ်

ကျောင်းသားတစ်ဦးရှိ၏။ အလွန်လိမ္မာ၍ စာကြိုးစား၏။ စာတော်၏။ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံ(သို့) အနည်းဆုံး ငါးဘာသာဂုဏ်ထူး ထွက်နိုင်၏။ ဆရာဝန်သေချာပေါက် ဖြစ်နိုင်၏။ သို့သော် ထိုကလေးငယ်မှာ ဆရာဝန်ဝါသနာမပါ။ ကွန်ပျူတာပညာရှင်တစ်ဦးသာ ဖြစ်လိုကြောင်း ဟူ၏။ ထို့ကြောင့် မည်မျှပင်အမှတ်ကောင်းနေစေကာမူ သူ့အနေနှင့် ကွန်ပျူတာ တက္ကသိုလ်တက်ရန်သာ စိတ်ပိုင်းဖြတ်ထားဖြစ်ကြောင်း၊ နွေရာသီတွင် ကွန်ပျူတာ အခြေခံသင်တန်းများတက်ထားမည်ဖြစ်ကြောင်းဖြင့် ၎င်း၏ဆန္ဒကို ပြောပြ၏။ ထိုကလေး၏ ဆုံးဖြတ်ချက်မှာ မှန်ကန်ကောင်းမွန်သော ဆုံးဖြတ်ချက် ဟု ဆိုချင်ပါသည်။

ယနေ့ ပညာနယ်ပယ်တွင် ကလေးများ၏ ဉာဏ်ရည်ဉာဏ်သွေး၊ ဝါသနာပါရာ၊ စိတ်ဝင်စားရာ စသည်တို့အပေါ်အခြေမခံဘဲ အမှတ်ကောင်းသည်နှင့် ဆရာဝန်၊ အင်ဂျင်နီယာ စသဖြင့်အမှတ်မီသည့် အမြင့်ဆုံးလိုင်းကို လျှောက်စေချင်၊ လျှောက်ကြချင်သည်။ လက်တွေ့သင်ကြားမှု နယ်ပယ်တွင်မူ ကလေးများသည် မိမိ၏စိတ်ဝင်စားမှု၊ ဝါသနာ၊ ပင်ကိုဗီဇ၏ဉာဏ်ရည်ဉာဏ်သွေးနှင့် မကိုက်ညီသောအခါ ထူးချွန်ထက်မြက်မှု နည်းလာသည်ကို တွေ့ရပေသည်။ အချို့ဆိုလျှင် တစ်ဝက်တစ်ပျက်နှင့် အခြားတက္ကသိုလ်တစ်ခုသို့ ပြောင်းရွှေ့သင်ကြားမှုများ ဖြစ်လာရသည်။ တစ်ခါကလည်း ဆေးကျောင်းသားတစ်ဦးနှင့် တွေ့စဉ် သူ့အနေဖြင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်တုန်းက ဆေးလိုင်းအမှတ်မီတာနဲ့ ဆေးကျောင်းတက်ခဲ့ခြင်းဖြစ်ကြောင်း အခု စာမလိုက်နိုင်လို့ တက္ကသိုလ်ပြောင်းလိုက်ကြောင်း ပြောပြ၏။ အချို့မှာ ဝါသနာပါသော်လည်း အကြောင်းကြောင်းကြောင့် အမှတ်မမီသဖြင့် မိမိလိုချင်သည့်လိုင်းသို့ တက်ခွင့်မရကြ။ အချို့မှာမူ ဆရာဝန်ဘွဲ့၊ အင်ဂျင်နီယာဘွဲ့ရပြီးသွားသောအခါတွင်လည်း ယင်းဘွဲ့ဖြင့် အသက်မွေးမှုမပြုကြ၊ အခြားသောအသက်မွေးဝမ်းကျောင်းမှု (ဥပမာ စာသင်ခြင်း၊ ရုပ်ရှင်၊ ဂီတ)ဘက်ပြောင်း၍ လုပ်ကိုင်ခြင်းစသည်တို့ကို တွေ့ရ၏။ ဆိုရလျှင် တန်ဖိုးရှိသောလူ့စွမ်းအားအရင်းအမြစ်များ သူ့နေရာနှင့်သူ အံဝင်ခွင်ကျမဖြစ်ဘဲ အဟောသိကံဖြစ်နေမှု အများအပြားတွေ့ရသည်။ အမှန်ပင် စိတ်ဝင်စားသူများ၊ ယင်းဘွဲ့ဖြင့် အသက်မွေးဝမ်းကျောင်းပြုလိုသူများအတွက် များစွာနစ်နာလှပေသည်။

အမှန်တွင် ကျောင်းသား ကျောင်းသူများအတွက် မိဘများ၏ ပံ့ပိုးကူညီပေးမှုကလည်း မှန်ဖို့လိုသည်။ ကလေးများ၏ ဝါသနာပါရာ၊ စိတ်ဝင်စားရာ ဉာဏ်ပညာနှင့်ကိုက်ညီရာကိုသာ အပံ့အပိုးဖြစ်စေရန် စီစဉ်ပေးသင့်သည်။ မိမိ ဖြစ်ချင်သည့်ဆန္ဒအတိုင်း ထုဆစ်ပုံဖော်၍မရနိုင်ပါ။ အချို့မှာ စာမေးပွဲပြီးသည်နှင့် သင်တန်းပေါင်းစုံတက်တော့၏။ မိမိဝါသနာပါသည် မပါသည်၊ မိမိအတွက် အထောက်အပံ့ဖြစ်မည်၊ မဖြစ်မည်ကို မစဉ်းစားဘဲ ပေါ်ပြူလာဖြစ်နေသည့်ဘာသာစကားမျိုးစုံလိုက်တက်ခြင်းသည် "ငါးသိုင်းများ၍ ဟင်းဟုံ" ဆိုသကဲ့သို့သာ ဖြစ်ချေတော့မည်။ ဘာသာစကားတစ်ခု(သို့) ကျွမ်းကျင်မှု တစ်ခုသည် မိမိကိုယ်တိုင်ကလည်း ဝါသနာပါ၊ အချိန်လည်းမှန်၊ စိတ်ဇွဲသန်သန် လေ့လာသင်ယူနိုင်မှသာလျှင် ရနိုင်ပါသည်။ ဟိုဟာကောင်းနိုး၊ သည်ဟာ တတ်နိုးဖြင့် တစ်လတစ်မျိုးပြောင်း၍ တက်နေလျှင် အချိန်ကုန်လူပန်း၊ ငွေလည်းခန်း၍ မည်သည့်အတတ်ပညာမျှမရဘဲ "သူများ ယောင်လို့ယောင် အမောင်တောင်မှန်း မြောက်မှန်းမသိ" ဆိုသကဲ့သို့သာ ဖြစ်ပေတော့မည်။

ယခုကာလသည် အခြေခံပညာကျောင်းသား ကျောင်းသူများအနေဖြင့် နွေရာသီကျောင်းပိတ်ရက်ကာလကို ဖြတ်သန်းကြရတော့မည့်အချိန်၊ အဆင့်မြင့်ပညာများကို ဆက်လက်လေ့လာဆည်းပူးကြရမည့်အချိန်တွင် မိမိ၏ ရည်မှန်းချက်၊ မိမိ၏ဝါသနာနှင့် မိမိ၏ဉာဏ်ရည်ကိုပါ ချင့်ချိန်၍ မိမိ ဆက်လက်သင်ယူရမည့်ပညာရပ်အတွက် အထောက်အပံ့ဖြစ်မည့် ခိုင်မာသောရည်မှန်းချက်များ ချမှတ်ကာ အကျိုးမဲ့အချိန်ဖြုန်းမှုမပြုလုပ်ကြဘဲ ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်လိုက်ပါသည်။ ။

ပြည်ထောင်စုရှေ့နေချုပ်အား ဂျပန်နိုင်ငံညှော်တွေ့ဆုံ

နေပြည်တော် ဧပြီ ၄

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ ထွန်းရှင်အား ဂျပန်နိုင်ငံ NY Legal Partners, LPC တရားရုံးရှေ့နေ Mr. Yasumasa Nakamura သည် ယနေ့ နံနက် ၁၁ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ သံတမန်ခန်းမ၌ လာရောက်တွေ့ဆုံပြီး ဥပဒေရေးရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။**(ယာပုံ)**

ယင်းသို့တွေ့ဆုံရာတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဝင်း၊ ညွှန်ကြားရေးမှူးများဖြစ်သော ဦးဉာဏ်နိုင်ဝင်း၊ ဒေါ်ထူးထူးငွေနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၅-၄-၂၀၁၂ (ကြာသပတေးနေ့)

၇း၀၅ တရားတော်
၈း၁၅ မြန်မာသကြ်န်
၄း၄၀ ဗွီစီဒီကျော်ကြားတေး
၄း၅၀ မွေးမြူသုတ
၅း၁၀ သာယာသီကြွေး
ခေတ်ဆန်းတေး
၅း၃၀ **ရသစုံလင်**
ရုပ်မြင်ဇာတ်လမ်း
-မာယာနှုတ်ခမ်း
(အပိုင်း-၁၅၈)
၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၅ မြန်မာသကြ်န်
၆း၃၀ ထူးဆန်းထွေလာ
မျက်လှည့်ပညာ
၆း၄၅ ကာတွန်းအစီအစဉ်
-စူပါဟမ်းစတား
(အပိုင်း-၃၉)
၇း၀၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း**
-ကွန်ဖူးဘုရင်ဘရုစ်လီ
(အပိုင်း-၂၂)
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
-အနုပညာရှင်၏တစ်နေ့တာ
-ကုန်သွယ်သုတ
-ယနေ့ညအတွက်မြဝတီ၏
တေးလက်ဆောင်
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
"ငှက်ကလေးရဲ့ကွန်းခိုရာ"
(အပိုင်း-၂၄)
(ဇာတ်သိမ်း)
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
"သမုဒယနှောင်ကြိုး"
(အပိုင်း-၁၇)

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် စက်ရုံများလည်ပတ်ရာတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး မှာကြား

ရန်ကုန် ဧပြီ ၄

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေသည် ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပသော မြောင်းတကာ စက်မှုဇုန်နှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ မြောင်းတကာစက်မှုဇုန်ရှိ စက်ရုံများလည်ပတ်ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်ကိုထိခိုက်မှုမရှိစေရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ၌ကျင်းပသည့် ရန်ကုန်မြို့သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေးဦးစီးကော်မတီ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေးဦးစီးကော်မတီ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ဒီမိုကရေစီပါရာဒိုင်းစာအုပ်ထွက်ရှိ

စာရေးဆရာတင်ညွန့်၏ ဒီမိုကရေစီ ပါရာဒိုင်းစာအုပ် ထွက်ရှိလာသည်။ အဆိုပါစာအုပ်တွင် ဒီမိုကရေစီသမိုင်း၊ ဒီမိုကရေစီ အဓိပ္ပာယ်ဖွင့်ဆိုချက်တို့ကို

ပြည့်ပြည့်စုံစုံ ဖွင့်ဆိုရှင်းပြထားသည်။ ဒီမိုကရေစီဟုဆိုသောဝေါဟာရကို လူတိုင်းသိသော်လည်း အနက်အဓိပ္ပာယ်ကို လူတိုင်းမသိသေးသဖြင့် ဒီမိုကရေစီနှင့် သက်ဆိုင်သည့် အသွင်သဏ္ဍာန်၊ သဘောသရုပ်၊ အုပ်ချုပ်မှု၊ ဖော်ဆောင်မှု၊ သေးသိမ်မှု၊ အာဏာ၊ အကူးအပြောင်း၊ ဒီမိုကရေစီအစိုးရ၊ သတိထားရမည့်လူတန်းစား စသည်တို့ကို အသေးစိတ်တင်ပြထားသည်။

အဆိုပါစာအုပ်ကို Wisdom House စာအုပ်တိုက် အခန်း(၁၀၁) တိုက် ၁၁၉၁၊ ၁၁၉၂၊ လက်ဝဲမင်းဒင်လမ်း မေတ္တာညွန့်ရပ်ကွက် တာမွေမြို့နယ် ရန်ကုန်မြို့က တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်သည်။

စာပေမြင့်မှ လူမျိုးတင့်မည်

မဟာသင်္ကြန်ကာလအတွင်း ယာဉ်လိုင်းများပြေးဆွဲမည်

ရန်ကုန် ဧပြီ ၄

မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကာလအတွင်း ရန်ကုန်မြို့နေ ပြည်သူများနှင့် ခရီးသွားပြည်သူများ လမ်းပန်းဆက်သွယ်သွားလာမှု လုံခြုံချောမွေ့စေရေးအတွက် ဧပြီ ၁၂ ရက်မှ ၁၆ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုဗဟိုကော်မတီအောက်ရှိ ယာဉ်လိုင်းအဖွဲ့အစည်း ၁၀ ခုမှ ယာဉ်လိုင်း ၁၉၁ လိုင်းနှင့် ယာဉ်စီးရေ ၂၅၉၀ ပြေးဆွဲသွားမည်ဖြစ်ကြောင်း မ. ထ. သ (ဗဟို) မီဒီယာအစည်းအဝေးမှသိရသည်။

ရန်ကုန်မြို့နေ ပြည်သူများနှင့် ခရီးသွားပြည်သူများ သင်္ကြန်ကာလအတွင်း လမ်းပန်းဆက်သွယ်သွားလာမှု လုံခြုံချောမွေ့စေရေးအတွက် နေ့စဉ်ပြေးဆွဲလျက်ရှိသော မော်တော်ယာဉ် ၈၀၀၀ ကျော်အနက်မှ ယာဉ်အစီးရေ ၂၅၉၀ ကို နေ့စဉ်နံနက် ၆နာရီ မှ ညနေ ၆နာရီအထိပြေးဆွဲသွားနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။ အဝေးပြေးယာဉ်လိုင်းများအနေဖြင့် ဧပြီ ၁၂ ရက်အထိ ယာဉ်လိုင်းလေးလိုင်းသာပြေးဆွဲ၍ ဧပြီ ၁၄ ရက်တွင် ယာဉ်လိုင်းတစ်လိုင်းတည်းသာ ပြေးဆွဲပြီး ပိတ်ရက်မရှိ ပြေးဆွဲပေးမည့်ယာဉ်လိုင်း ခုနစ်လိုင်း စုစုပေါင်းယာဉ်လိုင်း ၁၂၃ လိုင်း ပြေးဆွဲသွားမည်ဖြစ်သည်။

သင်္ကြန်ရက်အတွင်း ရပ်နားသွားမည့် ယာဉ်လိုင်းများမှာ ဗန္ဓုလ(ပါရမီ)၊ ရွှေဧည့်သည်၊ မြို့တော်စည်ပင်၊ ရွှေအင်း၀၊ စစ်မှုထမ်းဟောင်း(အတွင်း)၊ စစ်မှုထမ်းဟောင်း(အပြင်)တို့ ဧပြီ ၁၂ရက်မှ ၁၆ရက်အထိ ယာဉ်လိုင်းပြေးဆွဲခြင်းကို ရပ်နားထားမည်ဟု သိရသည်။

သင်္ကြန်ကာလအတောအတွင်း ယာဉ်စီးခနှုန်းထားများမှာ မူလသတ်မှတ်ထားသည့် ယာဉ်စီးခဖြစ်ပြီး ဧပြီ ၁၇ရက်၊ (နှစ်ဆန်းတစ်ရက်နေ့)တွင် ယာဉ်လိုင်းအားလုံး ပုံမှန်အတိုင်းပြေးဆွဲသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(ပွင့်ဦး)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၄ - ၄ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
မြန်မာ(ကျပ်)	၈၂၀. ၀၀၀	၀. ၀၀၁၂၂
ထိုင်း (ဘတ်)	၃၁. ၀၄၅၀	၀. ၀၃၂၂၁
တရုတ် (ယွမ်)	၆. ၂၉၈၂၀	၀. ၁၅၈၇၈
အိန္ဒိယ (ရူပီး)	၅၁. ၁၀၁၁	၀. ၀၁၉၅၇
မလေးရှား (ရင်းဂစ်)	၃. ၀၅၁၂၅	၀. ၃၂၇၇၃
စင်ကာပူ (ဒေါ်လာ)	၁. ၂၅၉၇၈	၀. ၇၉၃၇၉
ဂျပန် (ယန်း)	၈၂. ၃၅၄၀	၀. ၀၁၂၁၄
တောင်ကိုရီးယား(ဝမ်)	၁၁၃၁. ၂၇	၀. ၀၀၀၈၈
ယူရို	၀. ၇၆၁၇၄	၁. ၃၁၂၇၉
ဗြိတိသျှ (ပေါင်)	၀. ၆၃၀၄၉	၁. ၅၈၆၀၈

အင်တာနက်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့သို့ ရောက်ရှိ

နေပြည်တော် ဧပြီ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်၏ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ကျင်းပမည့် အကြိမ်(၂၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် အဖွဲ့ဝင်များလိုက်ပါလျက် ဧပြီ ၂ ရက် နံနက် ၉ နာရီတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့သို့ ထွက်ခွာသည်။

ရောက်ရှိ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် အဆင့်မြင့်အရာရှိကြီးများလိုက်ပါလာသည့် အထူးလေယာဉ်သည် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ ဖနောင်ပင် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ဝင်များလိုက်ပါလာသည့် အထူးလေယာဉ် ဆိုက်ရောက်သည်နှင့် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးချိုထွန်းအောင်နှင့် ကမ္ဘောဒီးယားနိုင်ငံ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ဒုတိယအကြီးအကဲ Mr. Sam Phang တို့က လေယာဉ်ပေါ်သို့ တက်ရောက်၍ ခရီးဦးကြိုဆိုနှုတ်ဆက်ကြသည်။

ထို့အတူ ကမ္ဘောဒီးယားနိုင်ငံ ပညာရေး၊ လူငယ်နှင့်အားကစားဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Im Sethy နှင့်တာဝန်ရှိသူများ၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၏ဇနီးနှင့် သံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများက လေယာဉ်လှေကားထိပ်မှ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ခေတ္တတည်းခိုမည့် ဖနောင်ပင်မြို့ရှိ Cambodiana Hotel သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ကမ္ဘောဒီးယားနိုင်ငံ ပညာရေး၊ လူငယ်နှင့် အားကစားဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Im Sethy နှင့် တာဝန်ရှိသူများက ဖနောင်ပင်မြို့ ဖနောင်ပင်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

၂၀၁၁ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် သိသာထင်ရှားသည့် အပြုသဘောဖြစ်ပေါ်တိုးတက်မှုများကို ကြိုဆို မြန်မာအစိုးရ၏ ဒီမိုကရေစီဖော်ဆောင်မှုနှင့် နိုင်ငံရေးပြန်လည်သင့်မြတ်ရေးကြိုးပမ်းမှုများကို ထောက်ခံ

အကြိမ်(၂၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ ကြေညာချက်တစ်ရပ်ထုတ်ပြန်

နေပြည်တော် ဧပြီ ၄

အကြိမ်(၂၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေးကို ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ဧပြီ ၃ ရက်မှ ၄ ရက်အထိ အောင်မြင်စွာကျင်းပပြီးစီးခဲ့ရာ အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ ကြေညာချက်တစ်ရပ်ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည်။

အဆိုပါကြေညာချက်တွင် အာဆီယံအနေဖြင့် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှုများကို ကြိုဆိုထောက်ခံခဲ့ပြီး ဒေသဆိုင်ရာနှင့် နိုင်ငံတကာကိစ္စရပ်များခေါင်းစဉ်အောက်၌ မြန်မာနိုင်ငံနှင့်ပတ်သက်၍ အောက်ပါအချက်များကို ထည့်သွင်းဖော်ပြထုတ်ပြန်ခဲ့ကြောင်း တွေ့ရှိရသည်-

၂၀၁၁ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် သိသာထင်ရှားသည့် အပြုသဘောဖြစ်ပေါ်တိုးတက်မှုများကို မိမိတို့ကြိုဆိုပါသည်။ အဆိုပါကိစ္စနှင့်ပတ်သက်၍ ရရှိပြီးအရှိန်အဟုန်ကိုဆက်လက်ထိန်းသိမ်းရန် အရေးကြီးမှုကိုလည်း အလေးထားပြောကြားလိုပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံအစိုးရ၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မြင့်မားစေမည့် ဆောင်ရွက်ချက်များ၊ ပြည်သူများ၏ လူနေမှုဘဝ တိုးတက်ရေးဆောင်ရွက်ချက်များ၊ ကောင်းမွန်သောအုပ်ချုပ်မှုစနစ်နှင့် ဒီမိုကရေစီအလေ့အထများ မြှင့်တင်ရေးဆောင်ရွက်ချက်များ၊ လူ့အခွင့်အရေးကာကွယ်မြှင့်တင်မှုကို ပိုမိုခိုင်မာစေရန်ဆောင်ရွက်ချက်များနှင့် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး ဆောင်ရွက်ချက်များ စသည့် ရဲရင့်ပြတ်သားသည့် ဆောင်ရွက်ချက်များ၏ အရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းရန်ဖြစ်ပါသည်။

၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် မြန်မာနိုင်ငံ၌ ကြားဖြတ်ရွေးကောက်ပွဲများကို လွတ်လပ်၍ တရားမျှတပြီး အောင်မြင်စွာ ကျင်းပခဲ့ခြင်းကို မိမိတို့ကြိုဆိုပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် အာဆီယံနိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများနှင့် ဒေသဆိုင်ရာနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ရွေးကောက်ပွဲလေ့လာရေးအဖွဲ့များစွာကို ဖိတ်ခေါ်ခဲ့ခြင်းအတွက် ကျေးဇူးတင်ရှိပါသည်။

ကြားဖြတ်ရွေးကောက်ပွဲကျင်းပခြင်းသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီဆက်လက်ဖော်ဆောင်မှုအတွက် အဓိကကျသည့် ခြေလှမ်းဖြစ်သည်ဟု မိမိတို့မှတ်ယူပါသည်။ မိမိတို့အနေဖြင့် မြန်မာအစိုးရ၏ ဒီမိုကရေစီဖော်ဆောင်မှုနှင့် နိုင်ငံရေးပြန်လည်သင့်မြတ်ရေးလက်ရှိကြိုးပမ်းမှုများကို အပြည့်အဝထောက်ခံကြောင်း ထပ်လောင်းအတည်ပြုပါသည်။ နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် မြန်မာနိုင်ငံ ဒီမိုကရေစီရေး ဖြစ်ပေါ်တိုးတက်မှုများကို အသိအမှတ်ပြုရန်နှင့် ထောက်ခံအားပေးရန် မိမိတို့၏ တောင်းဆိုမှုများကို ထပ်လောင်းအတည်ပြုပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက အာဆီယံအဖွဲ့ဝင်နိုင်ငံများ အဆင်ပြေမည့်နေ့ရက်တွင် နေပြည်တော်၌ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အထူးအစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် ဖိတ်ကြားချက်အား မိမိတို့မှ ကြိုဆိုပါသည်။

မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် ဒီမိုကရေစီလုပ်ငန်းစဉ်များနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို အပြုသဘော အထောက်အကူပြုနိုင်ရေးအတွက် မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် ပိတ်ဆို့မှုများကို ချက်ချင်းဖယ်ရှားပေးရန် တောင်းဆိုပါသည်။

၂၀၁၄ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန် ထမ်းဆောင်နိုင်ရေးအတွက် လိုအပ်သည့် အထောက်အပံ့များနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်ကြရန် အာဆီယံခေါင်းဆောင်များ၏ ကတိကဝတ်ကို ထပ်လောင်းအတည်ပြုပါသည်။ (သတင်းစဉ်)

စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်သို့ စာအုပ် စာစောင်များလှူဒါန်း

ရန်ကုန် ဧပြီ ၄

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်ရုံး စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်သို့ စာအုပ်စာစောင်များလှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန် အစည်းအဝေးခန်းမ၌ကျင်းပရာ မဟာစည်သာသနာ့ရိပ်သာ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်မှ ကျေးဇူးတော်ရှင် ဆဋ္ဌသံဂါယနာပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်သြဝါဒါစရိယ ဗုဒ္ဓသာသနာပြု မဟာစည်ဆရာတော်ကြီး ဟောကြားတော်မူခဲ့သော အင်္ဂလိပ်-မြန်မာစာအုပ် ၅၄ မျိုး စာအုပ်ပေါင်း ၁၀၈ အုပ်၊ စာပေဗိမာန် စာတည်းမှူးချုပ်(ငြိမ်း) ဦးဝင်းဖေ(မုံရွာဝင်းဖေ) မိသားစု**(အောက်ဝဲပုံ)**က စာအုပ်မျိုးစုံ ၁၉ အုပ်နှင့် စာတည်းမှူးချုပ်(ငြိမ်း) ဦးမောင်လှိုင်က ဘာသာရပ်ဆိုင်ရာ စာအုပ် ၁၆၃ အုပ်တို့ကို ပေးအပ်လှူဒါန်းကြပြီး စာတည်းမှူးချုပ် ဦးမျိုးထွန်းက လက်ခံ၍ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်တွင် ပြည်သူများဖတ်ရှုလေ့လာနိုင်ရန် စွယ်စုံကျမ်းများ၊ အထွေထွေ ဗဟုသုတရရှိစေရာ စာအုပ်များ၊ ပညာပေးစာပေများ၊ သုတ၊ ရသ စာပေများ(ဝတ္ထု၊ သမိုင်း၊ အတ္ထုပ္ပတ္တိ)၊ မီဒီယာဆိုင်ရာ စာအုပ်စာပေများ၊ ကလေးစာပေများထားရှိကာ စနေနေ့တွင် (မွန်းတည့် ၁၂ နာရီထိ)နှင့် တနင်္ဂနွေနေ့နှင့် (အစိုးရရုံးပိတ်ရက်များ)မှအပ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ သတင်းထုတ်ပြန်ချက်

၂၀၁၂ ခုနှစ်၊ ဧပြီလ (၁)ရက်နေ့မှစ၍ နိုင်ငံခြားသားများသည် အမေရိကန်ဒေါ်လာ ၁၀၀၀၀ သို့မဟုတ် ၎င်းနှင့်ညီမျှသော ငွေထက်မပိုသော မည်သည့်နိုင်ငံခြားငွေများကိုမဆို ပြည်တွင်းသို့ ရောက်သည့်အခါ အကောက်ခွန်ဦးစီးဌာနသို့ ကြေညာခြင်းမပြုဘဲ မြန်မာနိုင်ငံအတွင်းသို့ ယူဆောင်လာနိုင်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ကုန်သည်/စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌများနှင့် ဂျပန်ကုန်သည်အဖွဲ့တွေ့ဆုံ

ရန်ကုန် ဧပြီ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဇော်မင်းဝင်း၊ ဦးအောင်လွင်နှင့် အထွေထွေ အတွင်းရေးမှူး ဒေါက်တာမျိုးသက်တို့အား ဂျပန်နိုင်ငံ AEON Thana Sinsap (Thailand)Public Co., Ltd. Managing Director YASUHIKO KONDO ခေါင်းဆောင်သည့် အဖွဲ့ဝင်နှစ်ဦးပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် မတ် ၂၆ ရက်တွင် အသင်းချုပ်ရုံး၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ချန်ပီယံလိဂ်ကွာတားဖိုင်နယ် (ဒုတိယအကျော့) အနိုင်/အရှုံးရလဒ်များ

၄ - ၄ - ၂၀၁၂

ဘာစီလိုနာ ၃-၁ အေစီမီလန်

မက်ဆီ(နှစ်ဂိုး) နိုစီရိုနို

အင်နီယေစတာ

ဘေယန်မြူးနစ် ၂-၀ မာဆေးလ်

အိုလစ်(နှစ်ဂိုး)

❐ **ရှေ့ဖုံးမှ**

ပိုမိုမြှင့်တင် ပူးပေါင်းဆောင်ရွက်ရေး၊ ASEAN Community Building (2009-2015) လမ်းပြမြေပုံအတိုင်း အချိန်မီပြီးမြောက်အောင် ဖော်ဆောင်ရေး၊ ၂၀၁၅ ခုနှစ် အာဆီယံစီးပွားရေးအသိုက်အဝန်းထူထောင်ရန် ဦးစားပေးဆောင်ရွက်ရေး၊ အဖွဲ့ဝင်နိုင်ငံများအတွင်း ဖွံ့ဖြိုးမှုကွာဟချက်ကျဉ်းမြောင်းရေးနှင့် အောင်မြင်သောပေါင်းစည်းမှုအတွက် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ၊ အဖွဲ့အစည်းပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများ ချိတ်ဆက်ပေါင်းစည်းဆောင်ရွက်ရေး၊ အာဆီယံအတွင်း၌ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာစီးဆင်းရေး၊ ဒေသတွင်း သဘာဝဘေးကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းစဉ်များတွင် ထိရောက်စွာမြှင့်တင်ပူးပေါင်းဆောင်ရွက်ရေး၊ ရာသီဥတုပြောင်းလဲမှုနှင့် မကြာခဏဖြစ်ပွားလေ့ရှိသော သဘာဝဘေးအန္တရာယ်များကြောင့် အနာဂတ်စိန်ခေါ်မှုတစ်ရပ် ဖြစ်လာနိုင်သည့် စားနပ်ရိက္ခာလုံခြုံရေး(Food Security)အတွက် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ပိုမိုပူးပေါင်းဆောင်ရွက်ရေးအပါအဝင် Phnom Penh Agenda ကို လက်တွဲပူးပေါင်း ဖော်ဆောင်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ဆက်လက်၍ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ကမ္ဘောဒီးယားယဉ်ကျေးမှုအဖွဲ့က အာဆီယံတည်ထောင်ခြင်း (၄၅)နှစ်မြောက် အထိမ်းအမှတ်သီချင်း သီဆိုကြပြီး ရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အကြိမ်(၂၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားနှင့် အာဆီယံအဖွဲ့၏ (၄၅)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကို ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ Peace Palace တတိယထပ် Nuon Srey Hall ၌ ကျင်းပစဉ်။ (သတင်းစဉ်)

☆ **ကျောဖုံးမှ**

ဖနောင်ပင်အစီအစဉ် (ဖနောင်ပင်အာဂျင်ဒါ)အပေါ် သဘောတူညီချက်ရရှိသည့်အတွက် ဂုဏ်ယူပါကြောင်း၊ အဆိုပါ ကြေညာစာတမ်းနှင့် အစီအစဉ်များသည် ၂၀၁၂ ခုနှစ်မှ အာဆီယံအသိုက်အဝန်း ထူထောင်မည့် ၂၀၁၅ ခုနှစ်အတွင်း အာဆီယံ၏ ဦးစားပေးဆောင်ရွက်သွားမည့်လုပ်ငန်းများအပေါ် လမ်းညွှန်မှုပြုနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။

၂၀၁၅ ခုနှစ်တွင် တစ်ခုတည်းသော အာဆီယံအသိုက်အဝန်းအဖြစ် ပေါင်းစည်းထူထောင်ရန် အချိန်နီးကပ်လာပြီဖြစ်သည်နှင့်အညီ မိမိတို့၏ ပေါင်းစည်းရေးကြိုးပမ်းမှုများကို ဆတက်ထမ်းပိုး အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် ပိုမိုလိုအပ်လာပြီဖြစ်ပါကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် အာဆီယံနိုင်ငံများအချင်းချင်း ဆင်းရဲချမ်းသာကွာဟမှု၊ အာဆီယံနိုင်ငံတစ်ခုအတွင်း ဆင်းရဲချမ်းသာကွာဟမှုများကို လျော့နည်းပပျောက်သွားအောင် ဆောင်ရွက်ရန် လိုအပ်သည်ဆိုသည်ကို မီးမောင်းထိုးပြောကြားလိုကြောင်း။

ထို့ကြောင့် ဖွံ့ဖြိုးမှုကွာဟချက်ကျဉ်းမြောင်းရေး (Narrowing the Development Gap)သည် အာဆီယံ၏ အဓိကလုပ်ငန်းစဉ်များအနက်မှ တစ်ခုအဖြစ် ဆောင်ရွက်သင့်သည်ကို မိမိအနေဖြင့် အလေးအနက်ထား ပြောကြားလိုကြောင်း။

ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုညီမျှစေရန် အာဆီယံဒေသတွင်း စီးပွားရေးပေါင်းစည်းမှုကို အလေးထားလုပ်ဆောင်နိုင်သည်နှင့်အမျှ အာဆီယံက ချမှတ်ထားသည့် မျှတသည့်ဖွံ့ဖြိုးတိုးတက်မှု (Equitable Development) မျှော်မှန်းချက်ကို အောင်မြင်နိုင်မည်ဖြစ်သည့်အပြင် ကုလသမဂ္ဂက ချမှတ်ထားသည့် ထောင်စုနှစ်ရည်မှန်းချက်များ (UN Millennium Development Goals) ကိုလည်း ပြည့်မီစေနိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးအတွက် ဦးစားပေးလမ်းစဉ်(၈)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

နောက်တစ်ချက်မှာ အာဆီယံအတွင်း စွမ်းအင်ဖူလုံရေးနှင့် စားနပ်ရိက္ခာဖူလုံရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ တိုးတက်လာသည့် လူဦးရေအတွက် စားနပ်ရိက္ခာဖူလုံရေးကို တစ်ကမ္ဘာလုံးက စိုးရိမ်နေပြီး စားနပ်ရိက္ခာဖူလုံရေးအတွက် မြန်မာနိုင်ငံအပါအဝင် နိုင်ငံအားလုံးက ကြိုးပမ်းနေပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် စားနပ်ရိက္ခာထုတ်လုပ်ရန် အားသာသည့်နိုင်ငံဖြစ်သည့်အတွက် လယ်ယာ၊ သားငါးလုပ်ငန်းများတွင် အာဆီယံနိုင်ငံများက ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ဖိတ်ခေါ်ပါကြောင်း၊ တစ်ဖက်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဝန်ဆောင်မှုအခန်းကဏ္ဍသည် ကြီးထွားလာလေ့ရှိရာ ဝန်ဆောင်မှုလုပ်ငန်းများ၌ အလုပ်အကိုင်များ ပိုမိုဖန်တီးပေးနိုင်ရေးအတွက် ဝန်ဆောင်မှုကို ဦးတည်သည့် အရည်အသွေး ပြည့်ဝကျွမ်းကျင်သူများ ပိုမိုမွေးထုတ်ပေးနိုင်ရန်လည်း ကြိုးစားရမည်ဖြစ်ပါကြောင်း။

အာဆီယံ ပေါင်းစပ်ဆက်သွယ်မှု (ASEAN Connectivity)သည် ဒေသတွင်းနိုင်ငံများ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပေါင်းစည်းရေးအတွက် အရေးကြီးဆုံးဆောင်ရွက်မှုပင်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ မဟာဗျူဟာကျသည့် အနေအထားသည် အာဆီယံက ပြင်ပနိုင်ငံများနှင့် ဆက်သွယ်မှုတွင် အထောက်အကူပြုပေးနိုင်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အနောက်ဘက်ခြမ်းတွင် ကျောက်ဖြူ အထူးစီးပွားရေးဇုန်၊ တောင်ဘက်ခြမ်းတွင် ရန်ကုန်မြို့အနီး သီလဝါအထူးစီးပွားရေးဇုန်နှင့် တနင်္သာရီတိုင်းဒေသကြီးတွင် ထားဝယ်အထူးစီးပွားရေးဇုန်များကို ထူထောင်နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

အဆိုပါ စီးပွားရေးဇုန်များသည် အာဆီယံ ပေါင်းစည်းဆက်သွယ်ရေး စီမံကိန်းကို ဖြည့်စွက်ပေးမည့်အပြင် အာဆီယံပြင်ပနိုင်ငံများနှင့် ပေါင်းစည်းဆက်သွယ်ရေးကိုလည်း အထောက်အကူပြုလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

အာဆီယံနှင့် အရှေ့အာရှစီးပွားရေးဆိုင်ရာ သုတေသနဌာန (ERIA) အကူအညီဖြင့်ဆောင်ရွက်ခဲ့သည့် မြန်မာဘက်စုံဖွံ့ဖြိုးမှုရည်မှန်းချက်ကို အတည်ပြုခဲ့ပြီးဖြစ်ရာ ယင်းရည်မှန်းချက်ကို အကောင်အထည် ဖော်နိုင်ခြင်းသည် မဲခေါင်-အိန္ဒိယ စီးပွားရေးစင်္ကြံအစီအစဉ်အတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် အာဆီယံဒေသတွင်း ပေါင်းစည်းဆက်သွယ်မှုလုပ်ငန်းများကို စတင်ရန်အချိန်ကျရောက်နေပြီ ဖြစ်ပါကြောင်း၊ အာဆီယံသည် တောင်အာရှဒေသနှင့် အရှေ့မြောက်အာရှဒေသ၏ စီးပွားရေးကုန်သွယ်မှု၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများနှင့်လည်း ဆက်နွှယ်လျက်ရှိပါကြောင်း၊ မိမိတို့ဝန်းကျင်မှ အလားအလာများစွာရှိသည့် စီးပွားရေးစနစ်ကြီးများနှင့် ဆက်သွယ်ပေါင်းစည်းမှုကိုလည်း မဖြစ်မနေဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

အကြိမ်(၂၀)မြောက် အာဆီယံထိပ်သီးမျက်နှာစုံညီအစည်းအဝေးကို ဖနောင်ပင်မြို့ရှိ Peace Palace တတိယထပ် Champa Room ၌ ကျင်းပစဉ်။

(သတင်းစဉ်)

၂၀၁၅ ခုနှစ်တွင် မူးယစ်ကင်းစင်သည့် အာဆီယံဒေသဖြစ်ရေး ကြေညာစာတမ်းထုတ်ပြန်ရန်ကိစ္စကို ထောက်ခံပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တရားမဝင်မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှု၊ သုံးစွဲမှုနှင့် ရောင်းဝယ်ဖောက်ကားမှုများကို တိုက်ဖျက်ရန်အတွက် ထိထိရောက်ရောက် အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၄ ခုနှစ်တွင် မူးယစ်ဆေးဝါးကင်းစင်ရေးကို မြန်မာနိုင်ငံအနေဖြင့် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိသည့်အတွက် အာဆီယံ၏ ၂၀၁၅ ခုနှစ် မူးယစ်ဆေးဝါးကင်းစင်ရေး ရည်မှန်းချက်ကို များစွာအထောက်အကူပြုလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

အာဆီယံအနေဖြင့် ဂျီ-၂၀ အုပ်စုတွင် ပိုမိုအရေးပါသည့် အခန်းကဏ္ဍကို ရရှိအောင် ကြိုးစားသွားရန် လိုအပ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် နိုင်ငံတကာ ငွေရေးကြေးရေးကဏ္ဍ၌ အာဆီယံ၏ ဩဇာသက်ရောက်မှုကို မြင့်မားစေနိုင်မည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် ဘာလီသဘောတူညီချက် အမှတ်(၃)နှင့်အညီဆောင်ရွက်ခြင်းဖြစ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ယနေ့ ထိပ်သီးအစည်းအဝေးတွင် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများက အာဆီယံနိုင်ငံများအကြား ဖွံ့ဖြိုးမှုနှင့် ဆင်းရဲချမ်းသာကွာဟမှု ကျဉ်းမြောင်းအောင် လျှော့ချရေး၊ အာဆီယံ၏ မဏ္ဍိုင်(၃)ရပ် တည်ဆောက်မှုတွင် အဖွဲ့ဝင်များ တက်ညီလက်ညီ ပေါင်းစည်းဆောင်ရွက်ရေး၊ Phnom Penh Agenda For 2012 ကို ပူးပေါင်းဖော်ဆောင်ရေး၊ ဧပြီ ၁ ရက်က မြန်မာနိုင်ငံတွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲသည် လွတ်လပ်တရားမျှတမှုနှင့် ပွင့်လင်းမြင်သာမှုရှိသည့် ရွေးကောက်ပွဲအဖြစ် တညီတညွတ်တည်း အသိအမှတ်ပြုထောက်ခံရေး၊ မြန်မာနိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုများ ဖယ်ရှားရေးသည် သက်ဆိုင်ရာ နိုင်ငံအတွက်သာမက အာဆီယံ၏ ဂုဏ်သိက္ခာအတွက်ပါ အရေးကြီးသည့်အတွက် အဆိုပါပိတ်ဆို့အရေးယူမှုများ ဖယ်ရှားပေးရေးကို အာဆီယံ၏ ဘုံရပ်တည်ချက်အဖြစ် တပေါင်းတစည်းတည်း ရပ်တည်ရေး၊ “ASEAN : One Community-One Destiny ”ရည်မှန်းချက် အောင်မြင်ရေး၊ ဘာလီသဘောတူညီချက် အမှတ်(၃)နှင့်အညီ ဆက်လက်အကောင်အထည် ဖော်ဆောင်ရေး၊ ၂၀၁၅ ခုနှစ်တွင် တစ်ခုတည်းသော အာဆီယံ အသိုက်အဝန်းအဖြစ် အောင်မြင်စွာ ဖြစ်ပေါ်လာရေး၊ ၂၀၁၅ ခုနှစ်တွင် မူးယစ်ဆေးဝါးကင်းစင်သည့် အာဆီယံဒေသဖြစ်စေရေး၊ အာဆီယံနိုင်ငံများအတွင်း စွမ်းအင်နှင့်စားနပ်ရိက္ခာဖူလုံရေး၊ အာဆီယံ အဝေးပြေးလမ်းမများ အပါအဝင် ရထားလမ်း၊ ကားလမ်း၊ လေကြောင်းဆက်သွယ်ရေးလမ်းကြောင်းများ ပူးပေါင်းဆောင်ရွက်ရေး၊ အာဆီယံအနေဖြင့် ဂျီ-၂၀ နိုင်ငံများတွင် အရေးပါသည့်အခန်းကဏ္ဍမှ ရပ်တည်ဆောင်ရွက်ရေးဆိုင်ရာများကို အသီးသီး အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးအပြီးတွင် နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများသည် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်က တည်ခင်းဧည့်ခံသည့် နေ့လယ်စာ စားပွဲသို့တက်ရောက်ကြပြီး နေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။

ယနေ့ကျင်းပသည့် အကြိမ်(၂၀) မြောက် အာဆီယံထိပ်သီးမျက်နှာစုံညီ အစည်းအဝေးတွင် အာဆီယံနိုင်ငံခေါင်းဆောင်များအားလုံးက မြန်မာနိုင်ငံ၌ လွတ်လပ်တရားမျှတပြီး ပွင့်လင်းမြင်သာမှုရှိသည့် ကြားဖြတ်ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပပြီးစီးခဲ့ခြင်းအပေါ် ကြိုဆိုခဲ့ကြပြီး စီးပွားရေးပိတ်ဆို့မှုများ အမြန်ဆုံးရုပ်သိမ်းပေးရေး တောင်းဆိုသွားရန် ထောက်ခံကြကြောင်း တညီတညွတ်တည်း ဆွေးနွေးပြောကြားခဲ့ကြသည်။

(သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် လယ်မြေဧက ၃၅၀၀၀ အကျိုးပြု ဆွာချောင်းရေလှောင်တမံကို တည်ဆောက်ပေးထားသဖြင့် ဒေသခံပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာသည့်အပြင် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးပါ အထောက်အကူပြုလျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးစွမ်းအား မြင့်မားတိုးတက်စေရန်အတွက် တည်ဆောက်ပေးထားသော ဆွာချောင်းရေလှောင်တမံနှင့် နဂါးပေါက်ရေထိန်းတံခါး

နဂါးပေါက်ရေထိန်းတံခါး

* နဂါးပေါက်ရေထိန်းတံခါးသည် ဒိုက်ဦး-ညောင်ခါးရှည်လမ်း၏ အရှေ့ဘက် သုံးမိုင်ခန့်အကွာ နဂါးပေါက်ချောင်းနှင့် ခမုံမြစ်ကျိုးဖြတ်ချောင်းဆုံရာအနီး၌ တည်ရှိသည်။
* ဝေါမြို့နယ်အတွင်းရှိ ရေကြီးကွင်းများ မိုးရာသီရေမြုပ်မှုမှ ကာကွယ်ပြီး ဧက ၁၅၀၀၀ ခန့်ကို ရေဘေးကာကွယ်ပေးနိုင်သည့် ရေထိန်းတံခါးဖြစ်သည်။
* မိုးရာသီတွင် စစ်တောင်းမြစ်ရေများ လယ်ကွင်းအတွင်း မဝင်စေရန် ကာကွယ်ပေးခြင်းဖြင့် ရေကြီးမှုကို လျှော့ချပေးနိုင်မည်ဖြစ်ပြီး နွေရာသီတွင် စစ်တောင်းမြစ်မှ ရေချိုများကို ရေထိန်းတံခါးမှတစ်ဆင့် စိုက်ပျိုးရေ ပေးသွင်းနိုင်သည်။
* ရေထိန်းတံခါးတွင် ၆ ပေ × ၁၆ ပေအရွယ်အစားရှိသည့် သံကူကွန်ကရစ်အမျိုးအစား ရေထိန်းတံခါးပေါက် ၄၀ ပါရှိသည်။

သတင်းမှတ်စု - မောင်ငြိမ်းအေး

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ဖနောင်ပင်မြို့ရှိ HOTEL CAMBODIANA ဒုတိယထပ် Tonle Sap ခန်းမ၌ ကျင်းပသည့် အာဆီယံပါလီမန် အမတ်များ ညီလာခံဥက္ကဋ္ဌနှင့် အဖွဲ့ဝင်နိုင်ငံများမှ လွှတ်တော်အကြီးအကဲ များ၏ အကြိုညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ အာဆီယံထိပ်သီးအစည်းအဝေးအတွင်း ကျင်းပသည့် AIPA အစည်းအဝေးနှင့် အာဆီယံနိုင်ငံများမှ နိုင်ငံခေါင်းဆောင်/အကြီးအကဲများနှင့် AIPA ကိုယ်စားလှယ်များအစည်းအဝေးသို့ တက်ရောက်

နေပြည်တော် ဧပြီ ၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ခေါင်းဆောင်သော အဖွဲ့ဝင်သုံးဦးပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပမည့် အာဆီယံပါလီမန်အမတ်များညီလာခံ(ASEAN Inter-Parliamentary Assembly-AIPA) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်နိုင်ငံများမှ လွှတ်တော်အကြီးအကဲများ၏ အကြိုညှိနှိုင်းအစည်းအဝေးနှင့် အကြိမ်(၂၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေးအတွင်း အာဆီယံနိုင်ငံများမှ နိုင်ငံခေါင်းဆောင်/အကြီးအကဲများနှင့် အာဆီယံပါလီမန်အမတ်များညီလာခံ ကိုယ်စားလှယ်များအစည်းအဝေးသို့ တက်ရောက်ရန် မတ် ၃၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာခဲ့ရာ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ မွန်းလွဲပိုင်းတွင် ရောက်ရှိသည်။

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်သည် ဧပြီ ၂ ရက် နံနက် ၉ နာရီတွင် ဖနောင်ပင်မြို့ရှိ HOTEL CAMBODIANA ဒုတိယထပ် Tonle Sap ခန်းမ၌ကျင်းပသည့် အာဆီယံပါလီမန်အမတ်များညီလာခံဥက္ကဋ္ဌနှင့် အဖွဲ့ဝင်နိုင်ငံများမှ လွှတ်တော်အကြီးအကဲများ၏ အကြိုညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အာဆီယံအတွင်း AIPA ၏ အခန်းကဏ္ဍမြှင့်တင်ရေး အဆိုတစ်ရပ်ကို AIPA ဥက္ကဋ္ဌ၏ မိန့်ခွန်းတွင် ထည့်သွင်းရေးအတွက် တင်သွင်းခဲ့သည်။ အဆိုပါအစည်းအဝေးသို့ AIPA ဥက္ကဋ္ဌနှင့် အင်ဒိုနီးရှားနိုင်ငံ The House of Representatives ဥက္ကဋ္ဌ Dr.MARZUKI ALIE၊ AIPA အတွင်းရေးမှူး Mr. ANTONIO V.CUENCO အပါအဝင် အာဆီယံနိုင်ငံအသီးသီးမှ AIPA ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်သည် ဧပြီ ၂ ရက် ည ၇ နာရီတွင် ဖနောင်ပင်မြို့ Peace Palace ရှိ Rumduol ခန်းမ၌ ပြုလုပ်သော ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်နှင့် အာဆီယံအလှည့်ကျဥက္ကဋ္ဌ ဆမ်ဒက်ဟွန်ဆန်က တည်ခင်းသည့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ အာဆီယံနိုင်ငံများမှ နိုင်ငံခေါင်းဆောင်/အကြီးအကဲများ၊ အာဆီယံနိုင်ငံများမှ AIPA ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်၊ AIPA အတွင်းရေးမှူးတို့နှင့်အတူ တက်ရောက်သည်။

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်သည် ဧပြီ ၃ ရက် နံနက် ၉ နာရီခွဲတွင် ဖနောင်ပင်မြို့ Peace Palace ရှိ Nuon Srey ခန်းမ၌ ကျင်းပသည့် အကြိမ်(၂၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် (၄၅)ကြိမ်မြောက် အာဆီယံနှစ်ပတ်လည်နေ့ ဖွင့်ပွဲအခမ်းအနားသို့လည်းကောင်း၊ မွန်းလွဲ ၂ နာရီတွင် Peace Palace ရှိ Champei Room ၌ ပြုလုပ်သည့် အာဆီယံနိုင်ငံများမှ နိုင်ငံခေါင်းဆောင်/ အကြီးအကဲများနှင့် အာဆီယံပါလီမန်အမတ်များညီလာခံကိုယ်စားလှယ်များ အစည်းအဝေးသို့ လည်းကောင်း၊ ညပိုင်းတွင် ဖနောင်ပင်မြို့ Inter-Continental Hotel ၌ ကျင်းပသည့် ကမ္ဘောဒီးယားနိုင်ငံ National AIPA Group ဥက္ကဋ္ဌ Dr.Cheam Yeap က တည်ခင်းသည့် ညစာစားပွဲအခမ်းအနားသို့ လည်းကောင်း တက်ရောက်ခဲ့သည်။

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၄ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာခဲ့ရာ နေပြည်တော်သို့ ညနေပိုင်းတွင် ရောက်ရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် သုံးခွ၌ ဆရာတော်များအား ဖူးမြော်ကြည်ညို

နေပြည်တော် ဧပြီ ၄

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်သည် ဧပြီ ၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ဝိဇ္ဇောဒယ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တ ဝဏ္ဏသာမိအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်များ၊ သုတရသ စာအုပ်များ၊ ဂျာနယ်နှင့်မဂ္ဂဇင်းများ၊ ယဉ်ကျေးလိမ္မာဆုံးမစာ စာအုပ်များနှင့် ဆန်အိတ်များလှူဒါန်းသည်။

ထို့နောက် လောကမာရဇိန်ကျောင်းတိုက် ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းသို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တကေသရအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကာ ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်များ၊ သုတရသစာအုပ်များ၊ ဂျာနယ်နှင့် မဂ္ဂဇင်းများ၊ ယဉ်ကျေးလိမ္မာဆုံးမစာ စာအုပ်များနှင့် ဆန်အိတ်များလှူဒါန်းခဲ့ ကြောင်းနှင့် ဗုဒ္ဓဘာသာ အခြေခံယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်ထားရှိမှုကိုလည်း ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

e-visa စနစ် အကောင်အထည်ဖော်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဧပြီ ၄

နိုင်ငံခြားရေးသည် ဝင်ရောက်မှု အဆင်ပြေလွယ်ကူရေးကော်မတီ e-visa စနစ် အကောင်အထည်ဖော်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန နီလာ အစည်းအဝေးခန်းမ၌ကျင်းပရာ ကော်မတီဥက္ကဋ္ဌ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အခက်အခဲကြန့်ကြာမှုများကို ဖြေလျှော့ပေးနိုင်ရန်အတွက် လိုအပ်ချက်အရ ကြိုတင်စစ်ဆေးကြည့်ရှုပြီးမှ ခွင့်ပြုပေးနိုင်သည့် အီလက်ထရွန်နစ်စနစ်ကို အခြေခံသော ပြည်ဝင်ခွင့်ဗီဇာပုံစံ e-visa စနစ်ကို စမ်းသပ်ကျင့်သုံးနိုင်ရန် ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ ညှိနှိုင်းဆောင်ရွက်ခဲ့ပါကြောင်း၊ e-visa စနစ်ကို အဆင့်ခွဲခြား၍ ဦးစားပေးအလိုက် တပ်ဆင်မည်ဖြစ်ပြီး ပထမပိုင်းအနေဖြင့် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ရုံးချုပ်နေရာများတွင် လည်းကောင်း၊ ဒုတိယပိုင်းအနေဖြင့် မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်၊ မူဆယ်၊ တာချီလိတ်၊ ကော့သောင်း၊ မြဝတီနယ်စပ်ဂိတ်များတွင် လည်းကောင်း၊ တတိယပိုင်းအနေဖြင့် ပုဂံ၊ ဟဲဟိုး၊ သံတွဲ လေဆိပ်များတွင် လည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊

ထိုကဲ့သို့ ကွန်ပျူတာတပ်ဆင်ထိန်းသိမ်းမှုများ(?) ကို တာဝန်ယူဆောင်ရွက်နေသည့် Myanmar Ease Net Co., Ltd. အုပ်ချုပ်မှုဒါရိုက်တာ ဦးကျော်မိုးနိုင်က လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး ကော်မတီအဖွဲ့ဝင်များက ဝန်ကြီးဌာနအလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြောင်း၊ e-visa စနစ်ကို ၂၀၁၂ ခုနှစ် ဧပြီလ စတုတ္ထပတ်ခန့်မှ စတင်၍ စမ်းသပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် e-visa စနစ် ဖော်ဆောင်ကျင့်သုံးနိုင်ရေးအတွက် နည်းပညာများကို

အတူ စက်ပစ္စည်းကိရိယာများကို တပ်ဆင်ပြီးနောက် စတင်စမ်းသပ်ဆောင်ရွက်သည့်အခါ ကနဦး၌ ကမ္ဘာလှည့်ခရီးသည်ဗီဇာ(Tourist Visa)၊ နောက်တစ်ဆင့် Business Visa၊ Social Visa နှင့် Other Visa များကို အဆင့်လိုက် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်

နိုင်ငံခြားရေးသည် ဝင်ရောက်မှု အဆင်ပြေလွယ်ကူရေးကော်မတီ ဥက္ကဋ္ဌ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်း ဝန်ကြီးဌာနနှင့် အားကစား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း e-visa စနစ် အကောင်အထည်ဖော်ရေးဆိုင်ရာ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

(၁၀)ကြိမ်မြောက် အကောက်ခွန်စွမ်းဆောင်ရည် မြှင့်တင်ဆောက်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ

ရန်ကုန် ဧပြီ ၄

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာနက ကြီးမှူးကျင်းပသော (၁၀)ကြိမ်မြောက် အကောက်ခွန်စွမ်းဆောင်ရည် မြှင့်တင်ဆောက်ရေး လုပ်ငန်းအဖွဲ့အစည်းအဝေး(10th Customs Capacity Building Working Group-CCBWG) ကို ဧပြီ ၃ ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။ **(အောက်ပုံ)**

တက်ရောက်

အစည်းအဝေးသို့ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ၊ အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် အကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အာဆီယံစီးပွားရေး အသိုက်အဝန်းထူထောင်ရန် ၂၀၁၁-၂၀၁၂ ခုနှစ်များအတွင်း အကောက်ခွန်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာစီမံချက်အစီအစဉ် ၁၅ ခုအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဒေသတွင်း အကောက်ခွန်ပူးပေါင်းဆောင်ရွက်ရေးနှင့် ခေတ်မီအကောက်ခွန်ဖြစ်ပေါ်စေရေးတို့အတွက် ကောင်းမွန်တိုးတက်သောလုပ်ငန်းစဉ်များဖြစ်ပေါ်စေရန် ရည်ရွယ်၍ အစည်းအဝေးကျင်းပခြင်းဖြစ်ကြောင်းနှင့် အစည်းအဝေးကို ဧပြီ ၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မှတ်သားဖွယ်ရာမိုးရေချိန်များ

ကော့သောင်း	၁ ဒသမ ၇၇ လက်မ
မကွေး	သုည ဒသမ ၂၀ လက်မ
လှိုင်လင်	သုည ဒသမ ၂၀ လက်မ

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

တစ်ပြည်လုံးတွင် အများအားဖြင့် နေ့အပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၅-၄-၂၀၁၂ (ကြာသပတေးနေ့)
[၁၃၇၃ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက် (အဖိတ်နေ့)]

၇း၁၅	မင်းကွန်းဆရာတော်ကြီး၏ ဒိဿဖရဏမေတ္တာပို့ ဓမ္မပူဇာတေး (တေးရေး-မောင်မောင်လတ် သီဆိုပူဇော်သည်)	၅း၃၀	သိပ္ပံနှင့် သဘာဝပတ်ဝန်းကျင်
၈း၀၅	"ကြိုဆိုလျက်ပါ"	၅း၄၅	"မူဟန်သွယ်သွယ်ဆိုကြမယ်"
၈း၂၀	ခါသကြိန်အဆိုအကများ	၆း၂၀	"ချင်းတွင်းအနောက် ခရီးတစ်ခေါက်" (အပိုင်း-၁)
၄း၀၅	ခါသကြိန်အဆိုအကများ	၆း၄၅	ပျော်ရွှင်စေသောနေ့ရက်များ
၄း၃၀	နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ	၇း၀၀	ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၄း၄၀	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ပထမနှစ် (အထူးပြုအားလုံး) (မြန်မာ့ရေးရာ)	၇း၃၀	ခါသကြိန်အဆိုအကများ
၅း၀၅	ခါသကြိန်အဆိုအကများ	၈း၀၀	ပြည်တွင်းသတင်း -အစာလည်းဆေး၊ ဆေးလည်းအစာ **-နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာအသချေ" (အပိုင်း-၂၀)** **-နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆုံး" (အပိုင်း-၄၅)**

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် သုတေသနလုပ်ငန်းဆိုင်ရာ နှစ်ပတ်လည်ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဧပြီ ၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့ နံနက် ၇ နာရီခွဲတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၁၁-၂၀၁၂ နှစ်ပတ်လည်သုတေသနလုပ်ငန်းများ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ်လုပ်ကိုင်ရန် လိုအပ်ကြောင်း၊ သုတေသနလုပ်ငန်းများ ပီပီပြင်ပြင်ဆောင်ရွက်နိုင်သည်နှင့်အမျှ စိုက်ပျိုးရေးကဏ္ဍတိုးတက်မည်ဖြစ်ပြီး သုတေသနပြု တွေ့ရှိချက်များ လယ်ကွင်းထဲ လက်တွေ့ရောက်ရှိအသုံးချနိုင်အောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် သုတေသနပညာရှင်များ၏ အခန်းကဏ္ဍကိုမြှင့်တင်၍ လိုအပ်ချက်များ ဖြည့်ဆည်းပေးလျက်ရှိကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ထို့နောက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ အထူးအထွက်တိုးစပါးမိဘလိုင်းများ (A, B, R) တို့ကို မျိုးသန့်မွေးမြူထိန်းသိမ်းခြင်း၊ သုတေသနစိုက်ခင်း၊ အထူးအထွက်တိုးပုလဲသွယ်စပ်မျိုးစပါး သုတေသနစိုက်ခင်း၊ ဘာစမာတီစပ်မျိုးစပါး သုတေသနစိုက်ခင်းများ၊ စပါးသီးနှံဌာနလုပ်ငန်းများ၊ စိုက်ပျိုးရေးတက္ကသိုလ် ပုလဲသွယ်စပ်မျိုးစပါး ဧက ၁၀၀ မျိုးစေ့ထုတ်စိုက်ကွင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးသည် စပ်မျိုးစပါး မျိုးစေ့ထုတ်နည်းပညာသင်တန်းသား သင်တန်းသူများအား တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ၂၀၁၁-၂၀၁၂ နှစ်ပတ်လည် သုတေသနလုပ်ငန်းများ ညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးမှာကြားစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း အသင်းသားစုံညီအစည်းအဝေး ဖွင့်ပွဲကျင်းပ

နေပြည်တော် ဧပြီ ၄

မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း (၁၀)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ကုန်သည်/စက်မှု အသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် **(ဝဲပုံ)**က ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းမှ အဆင့်ဆင့်တင်သွင်းဖြန့်ဖြူးရောင်းချသည့် ဆေးဝါးများ၊ ပြည်တွင်းတွင် ထုတ်လုပ်ရောင်းချသည့်ဆေးများသည် ပြည်သူများ၏ ကျန်းမာရေးအတွက် များစွာအထောက်အကူဖြစ်စေသကဲ့သို့ အန္တရာယ်လည်းပေးနိုင်၍ အထူးဂရုပြုရမည် ဖြစ်ကြောင်း၊ အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်း၍ အကျိုးသက်ရောက်မှုရှိသည့် ဆေးဝါးများ ပြည်သူများ သုံးစွဲနိုင်ရေးအတွက် တာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်နေသည်ကို သိရှိရ၍ အသိအမှတ်ပြုပါကြောင်းဖြင့် ပြောကြားပြီး ဆေးအရောင်းပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲ ၂ နာရီခွဲတွင် ဆေးတက္ကသိုလ်(၁) ရန်ကုန် အစည်းအဝေးခန်းမ၌ ကျင်းပသည့် နှလုံးရောဂါကုသရေး အဆင့်မြှင့်တင်ရေး ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ပြီး နှလုံးရောဂါကုသရေးဌာနများတွင် ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုများ တိုးတက်ဖွံ့ဖြိုးအောင် လက်ဆင့်ကမ်း ပညာအမွေပေးသွားကြရန် ပါမောက္ခများအနေဖြင့် တာဝန်ရှိပါကြောင်း၊ မိမိတို့၏ဆရာများသည် မိမိတို့အပေါ်တွင် တာဝန်ကျေခဲ့ကြသကဲ့သို့ မိမိတို့အလှည့်တွင်လည်း တပည့်များအပေါ်၌ တာဝန်ကျေရန် လိုပါကြောင်းဖြင့် တိုက်တွန်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင် ပျူရှေးဟောင်းမြို့တော် သုံးမြို့ကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းတင်သွင်းနိုင်ရေး ပထမအကြိမ် ညှိနှိုင်းအစည်းအဝေး တက်ရောက်

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သော ပျူရှေးဟောင်းမြို့တော် သုံးမြို့ဖြစ်သည့် ဗိဿနိုး၊ ဟန်လင်းနှင့် သရေခေတ္တရာမြို့များအား ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းတင်သွင်းနိုင်ရေးအတွက် UNESCO မှ ပညာရှင်များ၊ နိုင်ငံတကာပညာရှင်များနှင့် မြန်မာနိုင်ငံမှ ပညာရှင်များ၏ ပထမဆုံးအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန် ဧပြီ ၄

မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များဖြစ်သော ပျူရှေးဟောင်းမြို့တော် သုံးမြို့ဖြစ်သည့် ဗိဿနိုး၊ ဟန်လင်းနှင့် သရေခေတ္တရာမြို့များအား ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ် စာရင်းတင်သွင်းနိုင်ရေးအတွက် UNESCO မှ ပညာရှင်များ၊ နိုင်ငံတကာ ပညာရှင်များနှင့် မြန်မာနိုင်ငံမှ ပညာရှင်များ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Park Royal Hotel ၌ ကျင်းပသည်။

အစည်းအဝေးတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က အဖွင့်အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအမွေအနှစ် ပေါကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ပုံတောင်ပုံညာ ပရိုင်းမိတ်များမှစ၍ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ် စသည့်ခေတ်အစဉ်များကို တစ်ဆက်တစ်စပ်တည်း ကူးပြောင်းရောက်ရှိလာခဲ့သည်ကို အထောက်အထား ရှာဖွေတွေ့ရှိမှုများမှ ခိုင်မာစွာ ဖော်ထုတ်တင်ပြနိုင်ခဲ့ပါကြောင်း၊ ပျူမြို့ဟောင်းများနှင့် ပျူယဉ်ကျေးမှုကိုလည်း ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ၊ တကောင်း၊ ဝတီး စသည့် ပျူမြို့ပြများမှ ဖော်ထုတ်တင်ပြနိုင်ခဲ့ပါကြောင်း။

ထို့အတူပင် ဒြပ်ရှိ ယဉ်ကျေးမှုအမွေအနှစ်များသာမက ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များလည်း ပေါများကြွယ်ဝသော နိုင်ငံတစ်ခုဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဒြပ်ရှိယဉ်ကျေးမှု အမွေအနှစ်များကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းတွင် ပါဝင်ရန်အတွက် ICH Convension ကို မကြာမီ လက်မှတ်ရေးထိုးရန် ယဉ်ကျေးမှုဝန်ကြီးဌာန အနေဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၁ ခုနှစ် မေလတွင် UNESCO ဗန်ကောက်၊ အာရှပစိဖိတ်ဒေသမှ ပညာရှင်များသည် ပုဂံရှေးဟောင်းဒေသနှင့် သရေခေတ္တရာမြို့ဟောင်းသို့ လာရောက်လေ့လာခဲ့ကြပါကြောင်း၊ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလတွင် စီမံချက် အစည်းအဝေးကို ရန်ကုန်မြို့၌ ကျင်းပခဲ့ပြီး UNESCO ဗန်ကောက်မှ ကိုယ်စားလှယ်များနှင့် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ အဆင့်မြင့်အရာရှိကြီးများသည် နိုင်ငံတကာထောက်ပံ့ငွေ၊ အီတလီနိုင်ငံ ထောက်ပံ့ငွေများဖြင့် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြပါကြောင်း။

ယခုကျင်းပသော ပထမအကြိမ် ပညာရှင်များ အစည်းအဝေးတွင် နိုင်ငံတကာ ပညာရှင်များနှင့် မြန်မာပညာရှင်များက ပျူမြို့ဟောင်းများ၏ (SOUV) ကမ္ဘာလုံးဆိုင်ရာ ထူးခြားထင်ရှားသော တန်ဖိုးများနှင့် ပတ်သက်သော အချက်အလက်များကို ဆွေးနွေးပြီး ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်ရေးကို ကူညီဆောင်ရွက်ပေးသွားမည်ဟု ယုံကြည်ပါကြောင်း။

ယဉ်ကျေးမှု ဝန်ကြီးဌာနအနေဖြင့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းခြင်းအတွက် ကဏ္ဍကြီး(၆)ခုဖြင့် ဆောင်ရွက်လျက်ရှိရာတွင် ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ ပျူမြို့ဟောင်းများကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းတင်သွင်းနိုင်ရေးအတွက်သာမက ပုဂံဒေသကို ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းတွင် ပါဝင်နိုင်ရေး ကြိုတင်ဆောင်ရွက်ခြင်းနှင့် Capacity Building for Safe guarding Cultural Heritage စီမံကိန်းကို အီတလီနိုင်ငံ အစိုးရ၏ အထောက်အပံ့၊ UNESCO ၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်လျက်ရှိရာ ဝိုင်းဝန်းကူညီကြသူများအား အထူးကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ မြန်မာနိုင်ငံဆိုင်ရာ အီတလီနိုင်ငံ သံအမတ်ကြီး၊ ထိုင်းနိုင်ငံ ဗန်ကောက် UNESCO ရုံးခွဲမှ ကျွမ်းကျင်ပညာရှင်များ၊ ပြည်တွင်းပြည်ပ ကျွမ်းကျင်ပညာရှင်များ၊ မူကြမ်းရေးဆွဲရေး ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

ညှိနှိုင်းအစည်းအဝေးကို ဧပြီ ၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဧပြီ ၄ ရက် မန္တလေးကုန်စည်ဈေးနှုန်း

ရွှေဈေး		စောရှုပ်(သစ်)	၂၁၀၀၀
အခေါက်ရွှေ(အဆင့်-၁)	၇၂၆၅၀၀	ပေါ်ကျွဲ(ဟောင်း)	၂၂၀၀၀
အခေါက်ရွှေ(အဆင့်-၂)	၇၂၅၀၀၀	ပေါ်ကျွဲ(သစ်)	၁၉၅၀၀
ရွှေဒင်္ဂါး(ရွှေရည်မီ)	၆၅၂၅၀၀	ဧယာ(ဟောင်း)	၂၁၅၀၀
ဆန်ဈေး(သန့်စင်ပြီး တစ်တင်းခွဲအိတ်ဈေးနှုန်း)		ဧယာ(သစ်)	၁၅၅၀၀/၁၆၅၀၀
		ငစိန်(သစ်)	၁၄၅၀၀/၁၅၀၀၀
ပေါ်ဆန်းမွှေး	၃၀၀၀၀	ဧရာမင်း(သစ်)	၁၈၅၀၀/၁၉၀၀၀
ရွှေဘိုမနော်	၁၈၅၀၀/၂၀၀၀၀	သုခ-မတ္တရာ(သစ်)	၁၅၅၀၀/၁၆၅၀၀
မဂျမ်းတော	၂၀၀၀၀	ရွှေသွယ်(သစ်)	၁၄၀၀၀/၁၅၀၀၀
စောရှုပ်(ဟောင်း)	၂၅၀၀၀		

(၀၀၂)

ဧပြီ ၄ ရက်က နေပြည်တော် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲ သတင်းစာတိုက်ဝင်း၌ ဝန်ထမ်းသားသမီးငယ်များအား ပြည်စုံအောင် ကျေးလက်ကျန်းမာရေးဌာန မရင်းကြီးကျေးလက်ကျန်းမာရေးဌာနခွဲမှ ဆရာမ ဒေါ်စန္ဒာမြင့်(သားဖွား)နှင့် အဖွဲ့က လစဉ်ကိုယ်ဝန်ဆောင်နှင့် နှစ်နှစ်အောက်ကလေးငယ်များအား ကာကွယ်ဆေးထိုးခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။ (ကြေးမုံ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်နှင့်ဇနီးတို့က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်

နေပြည်တော် ဧပြီ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဧပြီ ၂ ရက် ည ၇ နာရီတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ Peace Palace ပထမထပ် Rumduol Room ၌ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်နှင့်ဇနီးတို့က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်သည်။

အဆိုပါညစာစားပွဲသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ အာဆီယံနိုင်ငံများမှ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ်ဆူဝမ်နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရင်းနှီးစွာနှုတ်ဆက်

ရှေးဦးစွာ ညစာစားပွဲသို့ တက်ရောက်လာကြသည့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် ဝန်ကြီးများအား ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်နှင့် ဇနီးတို့က ရင်းနှီးခင်မင်စွာနှုတ်ဆက်ကြသည်။

ထို့နောက် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်နှင့် ဇနီး၊ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် ဝန်ကြီးများသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆုတောင်းပတ္ထနာပြု

ယင်းနောက် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ ဇနီးနှင့် နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် ဝန်ကြီးများသည် ဆုတောင်းပတ္ထနာပြုကြပြီး ညစာကို အတူတကွသုံးဆောင်ကြသည်။

ညစာသုံးဆောင်စဉ် ကမ္ဘောဒီးယားယဉ်ကျေးမှုအဖွဲ့က အဆိုအကများ၊ တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်နှင့်ဇနီး၊ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ ညစာစားပွဲတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)

ညစာစားပွဲသို့ တက်ရောက်လာသည့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်နှင့် ဇနီးတို့က ရင်းနှီးခင်မင်စွာနှုတ်ဆက်စဉ်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၅-၄-၂၀၁၂ (ကြာသပတေးနေ့)

၅း၄၀	"ရွှေအိုးမြှုပ်နှံကြခြင်း" တရားတော် [အရှင်ဘဒ္ဒန္တ အဂ္ဂိသ(ပါဠိကာရီဆရာတော်)]
၈း၅၅	"နှစ်သစ်အကြိုမြန်မာပြည် သိန်းတန်"Live Show(Part-10)
၁၀း၀၅	EC ပညာ့ရိပ်သာ(၁၄)နှစ်ပြည့် အခမ်းအနားနှင့် ဆုနှင်းသဘင်
၁၁း၀၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၂း၀၀	ရန်ကုန်မြင်ကွင်းကျယ် (To To DEALAR APPRECIATION AWARD 2011)
၂း၄၀	ရန်ကုန်မြင်ကွင်းကျယ် (စိန်နန်းတော်ဆိုင်သစ်ဖွင့်ပွဲ)
၆း၁၅	Vox Pop (ပြည်သူများရဲ့ သကြ်န်ရင်ခုန်သံများ)
၆း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်တေးသံရင်ခုန်သံ" (အပိုင်း-၄၃)**
၇း၃၀	MRTV-4 မြန်မာ့ရိုးရာသကြ်န်
၈း၃၀	Style ရှိမှ Star ဖြစ်မယ်
၉း၂၀	The Shop Around The Corner (Part-59)
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညှာန်ရာ" (အပိုင်း-၁၂၀)**
၁၀း၂၀	အနုပညာမိုးကောင်းကင်
၁၀း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပုံပြောကောင်းတဲ့ချစ်သူ" (အပိုင်း-၃)**
၁၁း၁၅	"ရန်အောင်သကြ်န်"
၁၂း၃၅	**ပိုင်-မောင်း-ရောင်းဘသောင်း** (နေရှိုင်း၊ ကျော်ဇေယျ၊ ဆုရွှန်းလဲ့) (ဒါရိုက်တာ-မျိုးဇော်အောင်)
၁း၄၀	ကွမ်းစားခြင်းနှင့်ခံတွင်းရောဂါ အန္တရာယ်(ပါမောက္ခဦးမြသော်)
၄း၂၅	တရားဓမ္မပွားများအားထုတ်ရာ ဓမ္မဒူတတောရသာသနာ့ရိပ်သာ

ကယားပြည်နယ်ဝန်ကြီးချုပ် ရှာသစ်မြို့နယ်ခွဲရှိ ဒေသခံပြည်သူများတွေ့ဆုံ

နေပြည်တော် ဧပြီ ၄

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးသည် ဧပြီ ၂ ရက် နံနက် ၁၀ နာရီတွင် ရှာသစ်မြို့နယ်ခွဲ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး ရှာသစ်မြို့နယ်ခွဲဆေးရုံအတွက် ကျန်းမာရေးဝန်ထမ်းပြည့်စုံစွာ ရရှိရေး၊ သန့်ရှင်းသောသောက်သုံးရေ ရရှိရေးကိစ္စများကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တစ်မြို့နယ်လုံး စာဖတ်ရှိန်မြင့်မားရေးပြိုင်ပွဲများ ကျင်းပ

ကောလင်း ဧပြီ ၄

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့တို့ ပူးပေါင်းကျင်းပသော ရပ်ကွက်နှင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြင့်မားရေးကို မတ် ၂၇ ရက် နံနက် ၁၀ နာရီက ကောလင်းမြို့ မြောက်အင်းရပ်ကွက် အခြေခံပညာ မူလတန်းကျောင်းတွင် ပြုလုပ်ရာ မြို့နယ်ပညာရေးမှူး ဦးသန်းထွန်းဟန်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိန်မြင့်၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ညိမ်း (မြန်ဂုဏ်ဆောင်) တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

ထို့နောက် မူလတန်းအဆင့် ကဗျာရွတ်ပြိုင်ပွဲ၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲများကို ပြုလုပ်ပြီး ရပ်ကွက်ကျေးရွာကိုယ်စားပြုပြိုင်ပွဲများကို ရွေးချယ်ကြသည်။

အလားတူ မတ် ၂၄ ရက်က ကျောက်ပြင်သာနယ်မြေ အထက(ခွဲ) တွင်လည်းကောင်း၊ မတ် ၂၅ ရက်က ခံသာနယ်မြေ အထက(ခွဲ)တွင် လည်းကောင်း၊ မတ် ၂၆ ရက်က ဥက္ကံနယ်မြေ အထက(ခွဲ)တွင်လည်းကောင်း ကျင်းပပြီး မူ-လယ်-ထက် ကဗျာရွတ်ပြိုင်ပွဲ၊ စာစီစာကုံးနှင့် ကျပန်းစကားပြောပြိုင်ပွဲနယ်မြေကိုယ်စားပြုများကို ရွေးချယ်သည်။

မတ် ၂၉ ရက်တွင် တစ်မြို့နယ်လုံး ယှဉ်ပြိုင်ပြီး ပထမ၊ ဒုတိယ၊ တတိယဆုနှင့် အထူးဆုများကို မတ် ၃၁ ရက်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဇာတိမာန်ခန်းမ၌ ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။ (၂၁၄)

ပထမအကြိမ် ရေဝတီတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး အဌမနေ့ကျင်းပ

နေပြည်တော် ဧပြီ ၄

ပထမအကြိမ် ရေဝတီတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး အဌမနေ့ကို ဧပြီ ၃ ရက် နံနက် ၁၀နာရီတွင်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဆန်းဆင့်၊ လွှတ်တော်ကိုယ်စားလှယ်(၆၈)ဦးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မေးခွန်း(၅)ခုကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့က တင်သွင်းသည့် ဒေသန္တရစီမံကိန်းဥပဒေကြမ်းနှင့် ၂၀၁၂ ခုနှစ် ရေဝတီတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ တင်ပြခြင်းနှင့် ဆွေးနွေးမည့်ရက် သတ်မှတ်ခြင်း၊ ရေဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့များ ဥပဒေကြမ်းနှင့် ရေဝတီတိုင်းဒေသကြီး ဆားနှင့် ဆားထွက်ပစ္စည်း လုပ်ငန်းဥပဒေကြမ်းအပေါ် တင်ပြခြင်းနှင့် ဆွေးနွေးမည့်ရက် သတ်မှတ်ခြင်းတို့ကို ဆောင်ရွက်ကြပြီး အစည်းအဝေးကို မွန်းလွဲ ၂ နာရီခွဲတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

ပထမအကြိမ် ရေဝတီတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန် အစည်းအဝေး အဌမနေ့ကျင်းပစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဖနောင်ပင်မြို့ရှိ Peace Palace တတိယထပ် Champei Room ၌ ကျင်းပသည့် အာဆီယံခေါင်းဆောင်များနှင့် အာဆီယံလူထုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ အလွတ်သဘောဆွေးနွေးပွဲသို့တက်ရောက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဖနောင်ပင်မြို့ရှိ Peace Palace တတိယထပ် Champei Room ၌ ကျင်းပသည့် အာဆီယံခေါင်းဆောင်များနှင့် လူငယ်ကိုယ်စားလှယ်များ အလွတ်သဘော ဆွေးနွေးပွဲသို့ တက်ရောက်စဉ်။

(သတင်းစဉ်)

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၅-၄-၂၀၁၂ (ကြာသပတေးနေ့)

၅း၄၀ "ရွှေအိုးမြှုပ်နှံကြခြင်း" တရားတော် [အရှင်ဘဒ္ဒန္တ အဂ္ဂီသ(ပါဠိကာရီဆရာတော်)]
၈း၅၅ "နှစ်သစ်အကြိုမြန်မာပြည် သိန်းတန်"Live Show(Part-10)
၁၀း၀၅ EC ပညာ့ရိပ်သာ(၁၄)နှစ်ပြည့် အခမ်းအနားနှင့် ဆုနှင်းသဘင်
၁၁း၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၂း၀၀ ရန်ကုန်မြင်ကွင်းကျယ် (To To DEALAR APPRECIATION AWARD 2011)
၂း၄၀ ရန်ကုန်မြင်ကွင်းကျယ် (စိန်နန်းတော်ဆိုင်သစ်ဖွင့်ပွဲ)
၆း၁၅ Vox Pop (ပြည်သူများရဲ့ သင်္ကြန်ရင်ခုန်သံများ)
၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်တေးသံရင်ခုန်သံ" (အပိုင်း-၄၃)**
၇း၃၀ MRTV-4 မြန်မာ့ရိုးရာသင်္ကြန်
၈း၃၀ Style ရှိမှ Star ဖြစ်မယ်
၉း၂၀ The Shop Around The Corner (Part-59)
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၁၂၀)**
၁၀း၂၀ အနုပညာမိုးကောင်းကင်
၁၀း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပုံပြောကောင်းတဲ့ချစ်သူ" (အပိုင်း-၃)**
၁၁း၁၅ "ရန်အောင်သင်္ကြန်"
၁၂း၃၅ **ပိုင်-မောင်း-ရောင်းဘသောင်း** (နေရှိုင်း၊ ကျော်ဇေယျ၊ ဆုရွှန်းလဲ့) (ဒါရိုက်တာ-မျိုးဇော်အောင်)
၁း၄၀ ကွမ်းစားခြင်းနှင့်ခံတွင်းရောဂါ အန္တရာယ်(ပါမောက္ခဦးမြသော်)
၄း၂၅ တရားဓမ္မပွားများအားထုတ်ရာ ဓမ္မဒူတတောရသာသနာ့ရိပ်သာ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဖနောင်ပင်မြို့ရှိ Peace Palace တတိယထပ် Champei Room ၌ ကျင်းပသည့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် အာဆီယံ ပါလီမန်အဖွဲ့အစည်း (AIPA)ကိုယ်စားလှယ်များ ဆွေးနွေးပွဲသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် အာဆီယံပါလီမန်အဖွဲ့အစည်း (AIPA)ကိုယ်စားလှယ်များ ဆွေးနွေးပွဲ၊ အာဆီယံခေါင်းဆောင်များနှင့် အာဆီယံလူထုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ အလွတ်သဘောဆွေးနွေးပွဲနှင့် အာဆီယံခေါင်းဆောင်များနှင့် လူငယ်ကိုယ်စားလှယ်များ အလွတ်သဘောဆွေးနွေးပွဲတို့သို့ တက်ရောက်

နေပြည်တော် ဧပြီ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဧပြီ ၃ ရက် မွန်းလွဲပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ Peace Palace တတိယထပ် Champei Room ၌ ကျင်းပသည့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် အာဆီယံပါလီမန်အဖွဲ့အစည်း (AIPA) ကိုယ်စားလှယ်များ ဆွေးနွေးပွဲ၊ အာဆီယံခေါင်းဆောင်များနှင့် အာဆီယံလူထု အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ အလွတ်သဘော ဆွေးနွေးပွဲနှင့် အာဆီယံခေါင်းဆောင်များနှင့် လူငယ်ကိုယ်စားလှယ်များ အလွတ်သဘောဆွေးနွေးပွဲတို့သို့ တက်ရောက်သည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် မွန်းလွဲ ၂ နာရီတွင် ကျင်းပသည့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် အာဆီယံပါလီမန်အဖွဲ့အစည်း (AIPA)ကိုယ်စားလှယ်များဆွေးနွေးပွဲသို့ တက်ရောက်သည်။

အဆိုပါ ဆွေးနွေးပွဲသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်အပါအဝင် အာဆီယံပါလီမန်အဖွဲ့အစည်း (AIPA)မှ ကိုယ်စားလှယ်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်က နှုတ်ခွန်းဆက်စကားပြောကြားပြီးနောက် အာဆီယံပါလီမန်အဖွဲ့အစည်း (AIPA) အလှည့်ကျဥက္ကဋ္ဌ အင်ဒိုနီးရှားနိုင်ငံမှ ဒေါက်တာ Marzui Alie နှင့် ညီလာခံကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ယင်းနောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများက ဆွေးနွေးတင်ပြချက်များအပေါ် ၎င်းတို့၏အမြင်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ညနေ ၃ နာရီတွင် ကျင်းပသည့် အာဆီယံခေါင်းဆောင်များနှင့် အာဆီယံလူထုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ အလွတ်သဘော ဆွေးနွေးပွဲသို့ တက်ရောက်သည်။

ဆွေးနွေးပွဲသို့ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ လူထုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ မြန်မာနိုင်ငံကိုယ်စားလှယ်အဖြစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တွဲဖက်အတွင်းရေးမှူး ဒေါ်ခိုင်နွယ်နွယ် ပါဝင်တက်ရောက်ခဲ့သည်။

ဆွေးနွေးပွဲတွင် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများသည် လူထုအဖွဲ့အစည်း ကိုယ်စားလှယ်များ၏ ဆွေးနွေးတင်ပြချက်များအပေါ် ရင်းနှီးပွင့်လင်းစွာ ပြန်လည်ဆွေးနွေးပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ညနေ ၄ နာရီ မိနစ် ၂၀ တွင် ကျင်းပသည့် အာဆီယံခေါင်းဆောင်များနှင့် လူငယ်ကိုယ်စားလှယ်များ အလွတ်သဘောဆွေးနွေးပွဲသို့ တက်ရောက်သည်။

ဆွေးနွေးပွဲသို့ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ လူငယ်ကိုယ်စားလှယ်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

အဆိုပါ ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံပညာရေးတက္ကသိုလ်မှ မောင်လင်းထင်ကိုကိုနှင့် မောင်စဝင်းလှိုင်ဦးတို့ ပါဝင်တက်ရောက်ခဲ့ကြသည်။

တက်ရောက်လာကြသည့် လူငယ်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့က ၎င်းတို့၏ အမြင်များကို ရင်းနှီးပွင့်လင်းစွာ ပြန်လည်ဆွေးနွေးပြောကြားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဖနောင်ပင်မြို့ရှိ Peace Palace တတိယထပ် Champei Room ၌ ကျင်းပသည့် အာဆီယံခေါင်းဆောင်များနှင့် အာဆီယံလူထုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ အလွတ်သဘောဆွေးနွေးပွဲသို့တက်ရောက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဖနောင်ပင်မြို့ရှိ Peace Palace တတိယထပ် Champei Room ၌ ကျင်းပသည့် အာဆီယံခေါင်းဆောင်များနှင့် လူငယ်ကိုယ်စားလှယ်များ အလွတ်သဘော ဆွေးနွေးပွဲသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

တရုတ်နှင့် အာဆီယံ ပင်လယ်ရေကြောင်းပိုင်နက် အငြင်းပွားမှုများ ဖြေရှင်းနိုင်ရေး အရှေ့တောင်အာရှခေါင်းဆောင်များ တိုက်တွန်း

ဖနောင်ပင် ဧပြီ ၄

တရုတ်နိုင်ငံနှင့် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) အဖွဲ့ဝင်နိုင်ငံများအကြား ပင်လယ်ရေကြောင်းပိုင်နက် အငြင်းပွားမှုများအား ဖြေရှင်းနိုင်ရေးအတွက် ကြိုးပမ်းအားထုတ်မှုများကို မြှင့်တင်ဆောင်ရွက်သွားကြရန် အရှေ့တောင်အာရှ ခေါင်းဆောင်များက ဧပြီ ၄ ရက်တွင် ကတိပြုလိုက်ကြသည်။

ကမ္ဘောဒီးယားနိုင်ငံ မြို့တော်ဖနောင်ပင်၌ ကျင်းပသော အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ) ထိပ်သီးညီလာခံ အပြီးထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် အထက်ပါအတိုင်း ကတိပြုကြခြင်းဖြစ်သည်။

တရုတ်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့သည် တရုတ်နိုင်ငံနှင့် ပင်လယ်ပြင်နယ်နိမိတ်သတ်မှတ်ရေးကိစ္စနှင့် ပတ်သက်၍ အငြင်းပွားမှုများ ပေါ်ထွက်လျက်ရှိသည်။

တရုတ်နိုင်ငံအနေဖြင့် ဘရူနိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်နိုင်ငံတို့နှင့်ဖြစ်ပေါ်နေသော ပင်လယ်ရေကြောင်း အငြင်းပွားမှုများကို ငြိမ်းချမ်းစွာဖြေရှင်းရန် အာဆီယံခေါင်းဆောင်များက တိုက်တွန်းလိုက်ကြသည်။ ***အင်တာနက်။***

တရုတ်နိုင်ငံ၏ ပင်လယ်ရေကြောင်း ထောက်လှမ်းရေးရေယာဉ်ကို တွေ့ရစဉ်။

လန်ဒန်မြို့ရှိ စားသောက်ဆိုင်တစ်ဆိုင်၏ စားဖိုမှူးများကို တွေ့ရစဉ်။

လန်ဒန် အိုလံပစ်အားကစားပွဲတော်ကာလ အစားအစာများ ဘေးကင်းလုံခြုံရေး စစ်ဆေးမည်

လန်ဒန် ဧပြီ ၄

ဗြိတိန်နိုင်ငံ၌ ထုတ်လုပ်ရောင်းချသော အစားအစာများသည် ဘေးကင်းလုံခြုံမှုရှိကြောင်း အာမခံချက်ပေးနိုင်ရန် ၂၀၁၂ ခုနှစ် လန်ဒန်အိုလံပစ်အားကစားပြိုင်ပွဲ ကျင်းပမည့်မြို့များ၌ ထိပ်တန်းအစားအစာ ဘေးကင်းလုံခြုံရေး စစ်ဆေးရေးမှူးများအဖွဲ့က အခြေပြုစစ်ဆေးသွားမည်ဖြစ်သည်။

လက်ရွေးစင်အစားအစာ လုံခြုံဘေးကင်းရေး စစ်ဆေးရေးမှူးများအဖွဲ့ကို အစားအသောက်ဆိုင်ရာ စံချိန်စံညွှန်း သတ်မှတ်ရေးအေဂျင်စီ (အက်ဖ်အက်စ်အေ)က ရွေးချယ်ပေးခဲ့ခြင်းဖြစ်ပြီး ၂၀၁၂ ခုနှစ် လန်ဒန်အိုလံပစ်ပြိုင်ပွဲကာလတစ်လျှောက် အလုံးစုံသော အစားအစာရောင်းချမှု၊ စားသုံးမှုများနှင့် ကျန်းမာရေးဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ ချက်ပြုတ်ပေးနိုင်မှုတို့အတွက် ယင်းအဖွဲ့က စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်သည်။

ယင်းအဖွဲ့အနေဖြင့် အိုလံပစ်အားကစားပြိုင်ပွဲကျင်းပမည့်နေရာများ၊ လေ့ကျင့်ရေးစခန်းများအားလုံးအနီးတွင် ခင်းကျင်းရောင်းချမည့် စားသောက်ဆိုင်များအား ပြိုင်ပွဲမကျင်းပမီနှင့် ကျင်းပနေစဉ်ကာလအတွင်း စစ်ဆေးသွားမည်ဖြစ်သည်။

ယင်းဆောင်ရွက်မှုသည် အစားအစာထုတ်လုပ်ရောင်းချသူများနှင့် စားသုံးသူတို့အား ကျန်းမာရေးနှင့် ပြည့်စုံညီညွတ်သော အစားအစာများ ထောက်ပံ့ပေးနိုင်စေရေးအတွက် အသိပညာများ တိုးတက်လာစေရန် အထောက်အကူဖြစ်စေမည်ဟုလည်း သိရသည်။ ***အင်တာနက်။***

ဘာလင်၌ ကားများမီးရှို့သူ ထောင်ဒဏ်ချမှတ်ခံရ

ဘာလင် ဧပြီ ၄

ယမန်နှစ်နွေရာသီက ယူရိုငွေသန်းပေါင်းများစွာ တန်ဖိုးရှိသည့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်စေခဲ့သော ကားမီးရှို့မှုများ ဆက်တိုက်ကျူးလွန်ခဲ့သည်ဟု ပြစ်မှုထင်ရှား တွေ့ရှိရသူတစ်ဦးကို ဂျာမန်တရားရုံးတစ်ရုံးက ဧပြီ ၃ ရက်တွင် ထောင်ဒဏ်ခုနစ်နှစ် ချမှတ်လိုက်ကြောင်း သတင်းဌာနများက ဧပြီ ၄ရက်တွင် သတင်းထုတ်ပြန်သည်။

အင်ဒရေအိတ်ချ်ဟု အများသိကြပြီး အသက်(၂၈)နှစ်အရွယ်ရှိ တရားခံသည် ၂၀၁၁ခုနှစ် ဇူလိုင်လမှ ဩဂုတ်လအတွင်း ဘာလင်မြို့ပေါ်ရှိ လမ်းများပေါ်တွင် စုစုပေါင်းကားစီးရေ ၁၀၂ စီးကို မီးရှို့ခဲ့ကြောင်း၊ ယင်းကားများအနက် အများစုမှာ ချမ်းသာကြွယ်ဝသူများစီးသည့် တန်ဖိုးကြီးကားများဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

တရားခံအနေဖြင့် ၎င်း၏ဘဝအပေါ် စိတ်ပျက်ခြင်း၊ ကြွယ်ဝချမ်းသာသူများအပေါ် မနာလိုဝန်တိုခြင်းနှင့် လူ့အဖွဲ့အစည်းအပေါ် မုန်းတီးခြင်းဟူသော မကောင်းမှုဒုစရိုက်စိတ်ဖြင့် ပြစ်မှုကျူးလွန်ခဲ့သည်ဟု စွဲချက်တင်လွှာတွင် ဖော်ပြထားသည်။

တရားခံအနေဖြင့် ၎င်းကျူးလွန်ခဲ့သောမီးရှို့မှု ၈၆ မှုလုံးအတွက် အပြည့်အဝဖြောင့်ချက်ပေးခဲ့ပြီး ဘာလင်ခရိုင်တရားရုံးက ၎င်းအား ကြားနာစစ်ဆေးခဲ့သည်။

အင်တာနက်။

အမေရိကန် ကမ်းတက်တပ်ဖွဲ့ဝင် ၂၀၀ ဩစတြေးလျသို့ ပထမအသုတ်အဖြစ် ရောက်ရှိလာ

ကင်ဘာရာ ဧပြီ ၄

အမေရိကန် ကမ်းတက်တပ်ဖွဲ့ဝင် အင်အား ၂၀၀ ပါဝင်သောတပ်ဖွဲ့တစ်ဖွဲ့သည် ဩစတြေးလျနိုင်ငံ မြောက်ပိုင်းသို့ ပထမအသုတ်အဖြစ် ရောက်ရှိလာခဲ့ကြောင်း၊ ဩစတြေးလျတပ်ဖွဲ့ဝင်များနှင့် အမြဲတမ်းစစ်ရေးပူးတွဲလေ့ကျင့်ရေးစခန်းတစ်ခုကို တည်ထောင်မည်ဖြစ်ကြောင်း၊ အာရှ-ပစိဖိတ်ဒေသ၌ အမေရိကန်၏ အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်နိုင်ရန်ဖြစ်ကြောင်း ဩစတြေးလျသတင်းဌာနများက ဧပြီ ၄ရက်တွင် သတင်းထုတ်ပြန်သည်။

အလှည့်ကျစနစ်ဖြင့်ဖြန့်ကြက်

ယမန်နှစ် နိုဝင်ဘာလက အမေရိကန်ပြည်ထောင်စုနှင့် ဩစတြေးလျတို့၏ ပူးတွဲအစီအစဉ်အရ အမေရိကန်စစ်လေယာဉ်များကို ဩစတြေးလျသို့ ပိုမိုစေလွှတ်မည်ဖြစ်ပြီး အမေရိကန်ကမ်းတက်တပ်ဖွဲ့ဝင်ဦးရေ ၂၅၀၀ အထိကို ဩစတြေးလျနိုင်ငံ မြောက်ပိုင်းဒါဝင်မြို့၌ အလှည့်ကျစနစ်ဖြင့်ဖြန့်ကြက်မည်ဖြစ်သည်။

တပ်ဖွဲ့ဝင်ဦးရေ ၂၀၀ ပါ ပထမအသုတ် အမေရိကန်ကမ်းတက်တပ်ဖွဲ့တစ်ဖွဲ့သည် အင်္ဂါနေ့နှောင်းပိုင်းက ဟာဝိုင်ယီမှ ဒါဝင်သို့ရောက်ရှိလာခဲ့ကြောင်း ဩစတြေးလျဝန်ကြီးချုပ် ဂျူလီယာဂီးလ်ယာ့ဒ်က ပြောကြားသည်။

ခြောက်လတစ်ကြိမ် အလှည့်ကျတာဝန်ထမ်းဆောင်ရမည့် အဆိုပါကမ်းတက်တပ်ဖွဲ့တွင် လက်နက်ကြီးများ၊ စစ်ယာဉ်များနှင့် စစ်လေယာဉ်ကြီးများ မပါရှိကြောင်း၊ တပ်ဖွဲ့များ အလှည့်ကျတာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဩစတြေးလျမြေပေါ်တွင် အမေရိကန် စစ်အခြေစိုက်စခန်းရှိမည်မဟုတ်ဘဲ ယင်းမူဝါဒကိုလည်း ပြောင်းလဲမည်မဟုတ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

သမိုင်းဝင်နေ့တစ်နေ့

ဩစတြေးလျကာကွယ်ရေးဝန်ကြီး စတီဗင်စမစ်က ဧပြီ ၇ရက်တွင် ဒါဝင်မြို့ဆင်ခြေဖုံးရှိ ဩစတြေးလျ ကြည်းတပ်စခန်းတစ်ခု၌ အမေရိကန်ကမ်းတက်တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံခဲ့သည်။ ဩစတြေးလျနှင့် အမေရိကန်ပြည်ထောင်စုတို့၏ စစ်ရေးမဟာမိတ်ပြုမှုသက်တမ်း ၆၁ နှစ်အတွင်း အမေရိကန် ကမ်းတက်တပ်ဖွဲ့ဝင်များ ရောက်ရှိလာသည့်နေ့မှာ သမိုင်းဝင်နေ့တစ်နေ့ဖြစ်ကြောင်း စတီဗင်စမစ်က ပြောကြားသည်။ ***အင်တာနက်။***

ဒါဝင်မြို့ဆင်ခြေဖုံးရှိ စစ်စခန်း၌ အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

ညဘက်စီးနင်းတိုက်ခိုက်မှု နေတိုးပြုလုပ်နိုင်ရေး အာဖဂန်နှင့် အမေရိကန် သဘောတူညီမှုရလုနီး

ဝါရှင်တန် ဧပြီ ၄

မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)တပ်ဖွဲ့က ညဘက် စီးနင်းတိုက်ခိုက်မှုများ ပြုလုပ်ရာတွင် အာဖဂန်အာဏာပိုင်များ အနေဖြင့် အခွင့်အာဏာ ပိုမိုရရှိလာစေမည့် သဘောတူညီချက်တစ်ရပ်ကို အမေရိကန်နိုင်ငံနှင့် အာဖဂန်နစ္စတန်နိုင်ငံတို့ လက်မှတ်ရေးထိုးရန် နီးစပ်နေပြီဖြစ်ကြောင်း အမေရိကန်တာဝန်ရှိသူများက ဧပြီ ၄ ရက်တွင် ပြောကြားသည်။

မကြာမီရက်ပိုင်းအတွင်း အဆိုပါသဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်မည်ဖြစ်ကြောင်း အမည်မဖော်လိုသူ အမေရိကန်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါသဘောတူညီချက်ကိုရရှိခြင်းဖြင့် အာဖဂန်နစ္စတန်နိုင်ငံ၌ အမေရိကန်တပ်ဖွဲ့များ ၂၀၁၄ ခုနှစ်ကျော်လွန်သည်အထိ ဆက်လက်စခန်းချနေထိုင်သွားနိုင်ရန် လမ်းပွင့်သွားမည်ဖြစ်သည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ စစ်သွေးကြွများ၏ ပုန်းခိုရာနေရာများကို နေတိုးတပ်ဖွဲ့က ညဘက်စီးနင်းတိုက်ခိုက်မှုများ ပြုလုပ်ရာတွင် အာဖဂန်တရားသူကြီးများက ဖမ်းဝရမ်းထုတ်ပေးမှသာလျှင် စစ်ဆင်ရေးလုပ်ငန်းကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။

အင်တာနက်။

ထိုင်းတောင်ပိုင်းရှိ စစ်သွေးကြွအုပ်စုများနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲပြုလုပ်ရေး အစိုးရပယ်ချ

ဗန်ကောက် ဧပြီ ၄

ထိုင်းနိုင်ငံတောင်ပိုင်း၌ လှုပ်ရှားနေသော စစ်သွေးကြွအုပ်စုများနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြုလုပ်မည်မဟုတ်ကြောင်း အစိုးရအဖွဲ့က ဧပြီ ၃ရက်တွင် ပြောကြားသည်။

ထိုင်းတောင်ပိုင်းရှိ စစ်သွေးကြွအုပ်စုတစ်စုနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲပြုလုပ်ပါက အခြားသော စစ်သွေးကြွအုပ်စုများက အင်အားပြသသည့်အနေဖြင့် အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်နိုင်ကြောင်း ထိုင်းဒုတိယဝန်ကြီးချုပ် ယူသာဆက်ဆာစီပရာပါက ပြောကြားသည်။

ထိုင်းတောင်ပိုင်းရှိ စစ်သွေးကြွအုပ်စုများနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲပြုလုပ်ရန် အစိုးရက မူဝါဒချမှတ်ထားခြင်းမရှိကြောင်း ဗိုလ်ချုပ်ကြီး တစ်ဦးဖြစ်သူ ဆာစီပရာပါက ပြောကြားသည်။ ထိုင်းနိုင်ငံတောင်ပိုင်း၌ မတ် ၃၁ ရက်က ကားဗုံးများပေါက်ကွဲခဲ့ရာ ၁၅ဦးသေဆုံးခဲ့ရပြီး လူရာပေါင်းများစွာ ဒဏ်ရာရရှိခဲ့သည်။ ***အင်တာနက်။***

၂၀၁၅ ခုနှစ်တွင် တစ်ခုတည်းသော အာဆီယံအသိုက်အဝန်းအဖြစ် ပေါင်းစည်းထူထောင်ရန် အချိန်နီးကပ်လာ အာဆီယံနိုင်ငံအချင်းချင်း၊ အာဆီယံနိုင်ငံတစ်ခုအတွင်း ဆင်းရဲချမ်းသာကွာဟမှု လျော့နည်းပပျောက်အောင် ဆောင်ရွက်ရန်လို မြန်မာနိုင်ငံ၏ မဟာဗျူဟာကျသည့်အနေအထားသည် အာဆီယံက ပြင်ပနိုင်ငံများနှင့်ဆက်သွယ်မှုတွင် အထောက်အကူပြုနိုင်

နေပြည်တော် ဧပြီ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဧပြီ ၃ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ Peace Palace တတိယထပ် Champa Room ၌ ကျင်းပသည့် အကြိမ်(၂၀)မြောက် အာဆီယံထိပ်သီးမျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက်သည်။

အဆိုပါ အစည်းအဝေးသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင် ဆူလ်တန်ဟာဂျီ ဟာဆာနာလ်ဘိုကီးယား မူအစ်ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဒုတိယသမ္မတ ဒေါက်တာဘူဒီအိုနို၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာသွန်ဆင်းသမာဗောင်၊ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ မိုဟာမက်နာဂျစ် ဘင်တွန်း ဟာဂျီအဗ္ဗဒူရာဇတ်၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာဘီနင်နိုအကွီနို၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လွန်း ၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စရင်လတ်ရှင်နာဝပ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်း၊ အာဆီယံ အတွင်းရေးမှူးချုပ် ဒေါက်တာ ဆူရင်ပစ်ဆူဝမ်၊ အာဆီယံနိုင်ငံများမှ ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အာဆီယံ အလှည့်ကျဥက္ကဌ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့သည် အာဆီယံအသိုက်အဝန်းဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဆွေးနွေးရာတွင် ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် တစ်ခုတည်းသော အသိုက်အဝန်းနှင့် တစ်ခုတည်းသော ရည်မှန်းချက် ဆောင်ပုဒ်နှင့်အညီ အာဆီယံအသိုက်အဝန်း ထူထောင်မှုကိစ္စများတွင် တက်ကြွစွာ ဦးဆောင်မှုပေးနေသည့်အတွက် များစွာအားရ ဝမ်းမြောက်ပါကြောင်း၊ ဤဆောင်ပုဒ်နှင့်အညီ ဦးစားပေးအစီအစဉ်များအဖြစ် ဆောင်ရွက်မည့် ကဏ္ဍများပါဝင်သည့် ဖနောင်ပင် ကြေညာစာတမ်းနှင့်

စာမျက်နှာ ၄ ကော်လံ ၁ သို့☆

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဖနောင်ပင်မြို့ရှိ Peace Palace တတိယထပ် Champa Room ၌ ကျင်းပသည့် အကြိမ်(၂၀)မြောက် အာဆီယံထိပ်သီးမျက်နှာစုံညီ အစည်းအဝေးသို့ တက်ရောက်စဉ်။

(သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အကြိမ်(၂၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

နေပြည်တော် ဧပြီ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပသည့် အကြိမ်(၂၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး အဖွဲ့ဝင်များလိုက်ပါလျက် ယနေ့ ညနေ ၅ နာရီခွဲတွင် အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအား ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံရုံးမှ ပထမအတွင်းဝန် Mrs. Tuot Kunthea နှင့် ဌာနဆိုင်ရာအကြီးအကဲများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများလည်း ပြန်လည်လိုက်ပါလာကြသည်။ (သတင်းစဉ်)

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ကျင်းပသည့် အကြိမ်(၂၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသည့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအား ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)